# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက် | ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၂၈၅)


**အလှူဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)

## သတင်းထုတ်ပြန်ချက်

# မြန်မာနိုင်ငံက အိုအိုင်စီမှ တင်သွင်းသည့် အဆို(မူကြမ်း)အား လက်မခံပယ်ချကြောင်း

ဂျီနီဗာမြို့၌ ကျင်းပခဲ့သော လူ့အခွင့်အရေးကောင်စီ၏ (၄၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ၁၂-၇-၂၀၂၁ ရက်တွင် အိုအိုင်စီက တင်သွင်းသည့် "ရိုဟင်ဂျာ" ဆိုသူ မွတ်ဆလင်များနှင့် အခြားသော လူနည်းစုများ၏ အခွင့်အရေးအခြေအနေနှင့် ပတ်သက်၍ အဆိုတစ်ရပ်ကို သက်ဆိုင်ရာ မြန်မာနိုင်ငံ မပါဝင်ဘဲ အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက လေ့လာတွေ့ရှိရသည်။

ယင်းဆုံးဖြတ်ချက်အဆိုသည် မြန်မာနိုင်ငံက တိုင်းရင်းသားလူမျိုးများအဖြစ် အသိအမှတ်ပြုထားခြင်းမရှိသော "ရိုဟင်ဂျာ"ဆိုသူများနှင့် ပတ်သက်၍ အဓိကဖော်ပြထားသည်။ ထို့အပြင် မမှန်ကန်သော သတင်းများ၊ တစ်ဖက်သတ်စွပ်စွဲချက်များကို အခြေခံထားကြောင်းနှင့် မြန်မာနိုင်ငံက အသိအမှတ်ပြုလက်ခံထားခြင်းမရှိသော မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ၊ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရားနှင့် အချက်အလက် ရှာဖွေရေးအဖွဲ့ စသည့်နိုင်ငံတကာယန္တရားများ၏ အခန်းကဏ္ဍများကို အလေးပေးထားကြောင်းလည်း တွေ့ရှိရသည်။

မြန်မာနိုင်ငံသည် နိုင်ငံတစ်နိုင်ငံအပေါ် နိုင်ငံရေးအရ ရည်ရွယ်ချက်ရှိရှိဖြင့် မျှတမှုမရှိဘဲ ဦးတည်အရေးယူသည့် အဆိုမူကြမ်းများ၊ မိမိတို့၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်စေနိုင်သည့် အပြည်ပြည်ဆိုင်ရာ ယန္တရားများကို အစဉ်တစိုက် လက်ခံခဲ့ခြင်း မရှိခဲ့ပါ။ ထို့အပြင် ယခုဆုံးဖြတ်ချက်အဆိုသည် မြန်မာနိုင်ငံအပေါ် ကြိမ်ဖန်များစွာ ထပ်တလဲလဲအရေးယူသည့် လုပ်ရပ်ဖြစ်သည့်အတွက်လည်းကောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ထင်ဟပ်မှုမရှိသဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဆိုတစ်ခုလုံးနှင့် ယင်းအပေါ် ဆွေးနွေးမှုများကိုလည်းကောင်း ကန့်ကွက်ပယ်ချသည်။ ထို့အပြင် နိုင်ငံရေးရည်မှန်းချက်များဖြင့် တီထွင်ဖန်တီးထားသည့် "ရိုဟင်ဂျာ"ဟူသည့် အသုံးအနှုန်းကိုလည်း မြန်မာအစိုးရနှင့် ပြည်သူများက အသိအမှတ်ပြုခြင်းမရှိဘဲ ပယ်ချသည်။

မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စနှင့် စပ်လျဉ်း၍ အားလုံးပါဝင်သည့် အလုံးစုံချဉ်းကပ်မှုပုံစံမျိုးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံသားဖြစ်မှုစိစစ်ခြင်းနှင့်ပတ်သက်၍ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆုံးဖြတ်ချက် အဆို(မူကြမ်း)ကို တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့ကလည်း သဘောမတူ၊ မထောက်ခံကြောင်း (Dissociate) ပြောကြားခဲ့ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အာဆီယံ - အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေး video conferencing ဖြင့် ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့တွင် video conferencing ဖြင့် ကျင်းပပြုလုပ်သော အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်မှ ပါဝင်တက်ရောက်သည်။

အစည်းအဝေးကို လာအိုနိုင်ငံခြားရေးဝန်ကြီး Saleumxay Kommasith နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Antony Blinken တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် တာဝန်ယူခဲ့ကြပြီး

*စာမျက်နှာ ၃ ကော်လံ ၁* ✪




နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် video conferencing ဖြင့် ကျင်းပပြုလုပ်သည့် အာဆီယံ - အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ ပါဝင်တက်ရောက်စဉ်။

မြန်မာ့အလင်း

# အားလုံးအတူ ဝိုင်းဝန်းပါဝင်ကူညီ

ကိုဗစ်-၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများ၊ မိမိကိုယ်ကိုယ် ကိုဗစ်-၁၉ ရောဂါသံသယရှိသူများ ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်သည့်အစီအစဉ်များ ထုတ်ပြန်လိုက်ရာ ၎င်းအစီအစဉ်အရ ကိုဗစ်-၁၉ သံသယရှိပါက သက်ဆိုင်ရာ မြို့နယ်ဒေသန္တရကျန်းမာရေးဌာန သို့မဟုတ် မြို့နယ်ဆေးရုံများသို့ သွားရောက်သတင်းပို့ရမည်ဖြစ်သည်။ မြို့နယ်တွင်သတင်းပို့သည့် သံသယရှိသူအား ဓါတ်ခွဲစစ်ဆေးပေးမည်ဖြစ်ပြီး ရောဂါပိုးတွေ့ရှိပါက ဓါတ်ခွဲအတည်ပြုလူနာများအနေဖြင့် မိမိတို့၏ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကျန်းမာရေးကော်မတီသို့ ပြန်လည်သတင်းပေးပို့ရမည်ဖြစ်သည်ဟု သိရသည်။

မြို့နယ်ဒေသန္တရကျန်းမာရေးဌာန သို့မဟုတ် မြို့နယ်ဆေးရုံများနှင့် မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကျန်းမာရေးကော်မတီ ၎င်းမှတစ်ဆင့် ပြည်သူ့ဆေးရုံများသို့ လူနာတက်ရောက်ကုသမှုခံယူနိုင်ရေး စီမံခန့်ခွဲမှုကော်မတီတို့က ဓါတ်ခွဲအတည်ပြုလူနာကို သက်ဆိုင်ရာပြည်သူ့ဆေးရုံများ၊ ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာများသို့ ပို့ဆောင်ပေးသွားမည်ဟု စီစဉ်ထားရာ သတင်းပေးပို့မှု၊ ဆေးရုံတက်ရောက်ကုသခွင့်ရရှိမှုတို့အတွက် လွယ်ကူလျင်မြန် အဆင်ပြေချောမွေ့ရန် လိုအပ်မည်ဖြစ်သည်။ ကပ်ရောဂါကူးစက်မှုမြင့်တက်လာခြင်းကြောင့် ကုသရေးဆေးရုံများတွင် ဝန်နှင့်အားမမျှသည့်အခြေအနေများဖြစ်ပေါ်လာရာ ကိုဗစ်-၁၉ ရောဂါ ဓါတ်ခွဲအတည်ပြုလူနာများအနက် ရောဂါမပြင်းထန်သူများမှာ ကိုဗစ်-၁၉ ကုသရေးစင်တာများဆီသို့ ညွှန်းပို့သွားမည်ဖြစ်သည့်အတွက် ကျေးရွာအလိုက်၊ ရပ်ကွက်အလိုက် ရပ်မိရပ်ဖများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၏ ဝိုင်းဝန်းပူးပေါင်းကူညီမှုများမှာ လွန်စွာအရေးပါလာသည်။

ရောဂါလက္ခဏာပြင်းထန်သူများ၊ အရေးပေါ်လူနာများမှာမူ သက်ဆိုင်ရာပြည်သူ့ဆေးရုံများနှင့် ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများသို့ တိုက်ရိုက်သွားရောက်ကုသမှုခံယူနိုင်မည်ဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ခံရမှုသံသယအခြေအနေမှသည် ဓါတ်ခွဲအတည်ပြုလူနာအဖြစ် ကုသမှုခံယူရသည့်အခြေအနေအထိ ရောဂါစစ်ဆေးမှုနှင့် ကုသမှုခံယူရာတွင် လူနာများအား ဒေသန္တရအဆင့်၊ မြို့နယ်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဗဟိုအဆင့် စသည်ဖြင့် အဆင့်လိုက်ညွှန်းပို့ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးစနစ်ရှိသော်လည်း ကပ်ရောဂါဖြစ်ပေါ်လာသည့် အခြေအနေအရ မနိုင်ဝန်ထမ်းနေရသည့်အဖြစ်သို့ ရောက်ရှိလာရာ ပြည်သူအားနှင့် ဝိုင်းဝန်းကူကြရန် လိုအပ်လျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် မိမိတို့၏ဆန္ဒအလျောက် တာဝန်ထမ်းဆောင်လိုသူများမှာ ကိုဗစ်-၁၉ ရောဂါကုသရေးလုပ်ငန်း၊ ဆေးရုံသုံးပစ္စည်းကိရိယာများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ လူနာသတင်းအချက်အလက်စီမံခန့်ခွဲမှုလုပ်ငန်း၊ လူနာလွှဲပြောင်းပေးပို့ခြင်းလုပ်ငန်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းများ လိုအပ်လျက်ရှိသည့်အလျောက် စေတနာ့ဝန်ထမ်းအဖြစ် ကာယအား၊ ဉာဏအားတို့ဖြင့် ပါဝင်ကူညီထမ်းဆောင်ကြရန်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက မေတ္တာရပ်ခံလျက်ရှိသည်။

မျိုးရိုးဗီဇပြောင်းလဲလာသည့် ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲများ ပေါ်ထွက်လာမှုကြောင့် ကပ်ရောဂါကူးစက်မှု မြင့်တက်လာခြင်းကို တစ်ကမ္ဘာလုံးရှိ နိုင်ငံကြီး နိုင်ငံငယ်အားလုံးတို့ ခံစားနေကြရသည်။ မိမိတို့နိုင်ငံကဲ့သို့ အဘက်ဘက်မှ အားနည်းချက်ရှိသည့် နိုင်ငံအနေဖြင့် အားလုံးအတူဝိုင်းဝန်းပါဝင်ကူညီခြင်း၊ အပြန်အလှန်စောင့်ရှောက်ခြင်းတို့ဖြင့် ကပ်ရောဂါကို ရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်သည့်အလျောက် ငွေအား၊ လူအား၊ အတတ်ပညာအား၊ ကာယအား၊ ဉာဏအားတို့ ပါဝင်လှူဒါန်းကြရပါမည့်အကြောင်း။ ။

# အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း (Mask) များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား ယူဆောင်လာပါရန်။
- ကျန်မာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက် အကွာအဝေးများကို (၆)ပေ အကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြား၍ (၁) ကြိမ်လျှင် (၁၀) ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆) ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် (Covid-19) ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၅)မိနစ်ထက် ပိုမကြာစေရန်။




**အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြော်ငြာခြင်း**



## (၇၄) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)နှင့် ဗိုလ်ချုပ်ပြတိုက်တို့ကို အများပြည်သူများ ဝင်ရောက်ခွင့်မပြု

**ရန်ကုန် ဇူလိုင် ၁၄**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် (၇၄) နှစ်မြောက် အာဇာနည်နေ့တွင် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) နှင့် ဗိုလ်ချုပ်ပြတိုက်တို့ကို အများပြည်သူများ ဝင်ရောက်ခွင့်မပြုကြောင်းနှင့် ယင်းကပ်ရောဂါကို ပြည်သူတို့ကျော်လွှားနိုင်ရန် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ လူစုလူဝေးမဖြစ်စေရေးအတွက် ၁၉-၇-၂၀၂၁ ရက်နေ့တွင် ကျရောက်မည့် (၇၄) နှစ်မြောက် အာဇာနည်နေ့တွင် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)ရှိ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် အခန်း၊ တိုင်းပြု/ပြည်ပြုလွှတ်တော်အစည်းအဝေးခန်းမနှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တို့အား အများပြည်သူဝင်ရောက်ကြည့်ရှုခွင့်မပြုကြောင်း၊ (၇၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ဖိတ်ကြားရေး၊ ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေးဆပ်ကော်မတီက သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၇-၂၀၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာ (၂) ပါ ၁၃၈၃ (၂၀၂၁) ခုနှစ် ပါဠိပထမပြန်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာချက်တွင် ပထမလတ်တန်းဇယား၌ ပထမဂုဏ်ထူးအဆင့် **"ရှင်ဣန္ဒဉာဏ"** (အစား) **"ရှင်ပညာဝရ"** ဟု လည်းကောင်း၊ ပထမငယ်တန်းဇယား၌ ဒုတိယဂုဏ်ထူးအဆင့် **"အရှင်နန္ဒဝံသ၊ ရွှေညောင်ပင်စာသင်တိုက်၊ သထုံမြို့"**(အစား) **"ရှင်နရပတိ၊ ဘုရားလေးစာသင်တိုက်၊ သထုံမြို့"** ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။ **မြန်မာ့အလင်း**

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် ဇူလိုင် ၁၄**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မာန်အောင်မြို့တွင် ၁ ဒသမ ၄၆ လက်မ၊ တီးတိန်မြို့နှင့် မဒေါက်မြို့တို့တွင် ၁ ဒသမ ၃၀ လက်မစီ၊ ခန္တီးမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ မော်လိုက်မြို့တွင် ၁ ဒသမ ၁၁ လက်မ၊ မချမ်းဘောမြို့နှင့် ရွှေကျင်မြို့တို့တွင် ၀ ဒသမ ၉၉ လက်မစီနှင့် ထီးလင်းမြို့တွင် ၀ ဒသမ ၉၀ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ညီညွတ်ရေးဆိုတာ

ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလို တူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့ အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ် ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**



## ဇူလိုင်လနှင့် ဩဂုတ်လအတွင်းရရှိမည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ခြောက်သန်းကို စနစ်တကျထိုးနှံနိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်သည်။

အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဝယ်ယူထားသော ကာကွယ်ဆေးအရေအတွက် လေးသန်းအနက် ဇူလိုင်လစတုတ္ထပတ်တွင် တစ်သန်းနှင့် ဩဂုတ်လပထမအပတ်တွင် သုံးသန်း မြန်မာနိုင်ငံသို့ ရောက်ရှိမည်ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ကာကွယ်ဆေး နှစ်သန်းကိုလည်း ဩဂုတ်လအတွင်း ရောက်ရှိလာမည်ဖြစ်သောကြောင့် ရရှိလာမည့် ကာကွယ်ဆေးအရေအတွက် စုစုပေါင်း ခြောက်သန်းကို ဦးတည်အုပ်စုများနှင့် ဦးစားပေးအစီအစဉ်အလိုက် စနစ်တကျ ထိုးနှံပေးနိုင်ရေးကိစ္စရပ်များ၊ ကာကွယ်ဆေးထိုးနှံခြင်း သတင်းအချက်အလက် စနစ်တကျမှန်ကန်စေရေးနှင့် ကာကွယ်ဆေးထိုးကတ်များ တစ်နိုင်ငံလုံး တစ်ပြေးညီဖြစ်စေရေးကိစ္စရပ်များ၊ ကာကွယ်ဆေးထိုးနှံရာတွင် ပါဝင်ဆောင်ရွက်မည့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များ၊ ကာကွယ်ဆေးများ အအေးလမ်းကြောင်းမပြတ် သိုလှောင်ဖြန့်ဖြူးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ယခုနှစ်မကုန်မီ ဆက်တိုက်ရောက်ရှိလာမည့် ကာကွယ်ဆေးများနှင့် ပတ်သက်၍ ကြိုတင်ဆောင်ရွက်ထားရှိမည့် အစီအမံများကို ဆွေးနွေးခဲ့ကြသည်။

**“ကာကွယ်ဆေးထိုးနှံခြင်း သတင်းအချက်အလက် စနစ်တကျမှန်ကန်စေရေးနှင့် ကာကွယ်ဆေးထိုးကတ်များ တစ်နိုင်ငံလုံး တစ်ပြေးညီဖြစ်စေရေးကိစ္စရပ်များ၊ ကာကွယ်ဆေးထိုးနှံရာတွင် ပါဝင်ဆောင်ရွက်မည့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များ၊ ကာကွယ်ဆေးများ အအေးလမ်းကြောင်းမပြတ် သိုလှောင်ဖြန့်ဖြူးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး”**

**နေ့စဉ်တင်သွင်းနိုင်ရန် စီစဉ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ဆေးရုံများတွင် အောက်ဆီဂျင်ပြတ်လပ်မှု မရှိစေရေးအတွက် ဆေးရုံများရှိ အောက်ဆီဂျင်ထုတ်လုပ်စက် (Oxygen plant)များ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးနှင့် ထပ်မံဝယ်ယူတပ်ဆင်ရေးကိစ္စရပ်များ၊ အလွယ်တကူ သယ်ယူနိုင်သည့် အောက်ဆီဂျင်ထုတ်လုပ်စက်များ (Oxygen concentrators)၊ အောက်ဆီဂျင် ဆလင်ဒါများ ထပ်မံဝယ်ယူဖြည့်တင်းရေးကိစ္စရပ်များ၊ အောက်ဆီဂျင်ထုတ်လုပ်စက်များကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာနခွင့်ပြုချက်မလိုအပ်ဘဲ တင်သွင်းနိုင်ရန် ဖြေလျှော့ပေးခဲ့မှုများ၊ ပြည်တွင်း၌ အောက်ဆီဂျင်အရည် (Liquid oxygen) များ စက်စွမ်းအားပြည့် တိုးမြှင့်ထုတ်လုပ်လျက်ရှိပြီး ကရင်ပြည်နယ် မြဝတီလမ်းကြောင်းမှ အောက်ဆီဂျင်အရည် (Liquid oxygen)များ ယနေ့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိမည်ဖြစ်ကာ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ဘက်မှလည်း နေ့စဉ်တင်သွင်းနိုင်ရန် စီစဉ်ထားရှိပြီး ပြည်သူ့ဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ပြည်သူများလိုအပ်လျက်ရှိသည့် နေ့စဉ်အောက်ဆီဂျင်လိုအပ်ချက်ကို ဖြည့်တင်းနိုင်ရေးကိစ္စ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ပြည်တွင်းသို့ အောက်ဆီဂျင်တင်သွင်းနိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိသည်ကို ပြည်သူများကိုယ်စား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**အသီးသီးတင်ပြဆွေးနွေး**

ဆက်လက်၍ ကိုဗစ်-၁၉ အတည်ပြုလူနာများ တိုးမြှင့်ထားရှိနိုင်မည့်နေရာများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လူနာခုတင်များ ထပ်မံတိုးချဲ့မည့် အစီအစဉ်များ၊ အရေးပေါ်လူနာများကို လက်ခံကုသပေးနိုင်ရေးအတွက် ပြည်သူ့ဆေးရုံများမှ ဦးစားပေး လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ပုဂ္ဂလိကဆေးရုံများတွင် ကိုဗစ်-၁၉ အတည်ပြုလူနာများ တိုးမြှင့်လက်ခံထားရှိရန် ကိစ္စများနှင့် ရောဂါကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ခံဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများက သက်ဆိုင်ရာ လုပ်ငန်းအလိုက် အသီးသီးတင်ပြဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ လုပ်ငန်းအလိုက် ဆောင်ရွက်ရန်ရှိသည်များကို ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည်များကို မှာကြားသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် (ဝန်ကြီးရုံး)၊ ဦးစိန်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန) ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

**❂ရွှေ့ဖုံးမှ**

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် အာဆီယံနှင့် အမေရိကန်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် COVID-19 ကာကွယ်တိုက်ဖျက်ရေး၊ ပြည်သူ့ကျန်းမာရေး၊ အာဆီယံ-အမေရိကန် အနာဂတ်ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဆွေးနွေးရာတွင် အာဆီယံ၏ COVID-19 ကာကွယ်တိုက်ဖျက်ရေး ကြိုးပမ်းမှုနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံ၏ ကူညီထောက်ပံ့မှုများအပေါ် ကျေးဇူးတင်ကြောင်း၊ အကူအညီများ ထပ်မံပေးအပ်သွားရန် တိုက်တွန်းကြောင်းနှင့် အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (IAI) ကိုလည်း ဆက်လက်ကူညီ ပံ့ပိုးသွားရန် တိုက်တွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် ပတ်သက်၍ နိုင်ငံတွင်း လုံခြုံရေးအခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် အာဆီယံ နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၏ သဘောတူညီချက်(၅)ချက်တို့နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးအနည်းငယ် ပိုလာနိုင်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဝန်ထမ်းသစ်များ စွမ်းဆောင်ရည်သင်တန်းတွင် ဆွေးနွေးပို့ချ

**နေပြည်တော် ဇူလိုင် ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်သည် ယနေ့နံနက်ပိုင်းက နေပြည်တော် - တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ဖွင့်လှစ်လျက်ရှိသော "ဝန်ထမ်းသစ်များ စွမ်းဆောင်ရည် သင်တန်း"၌ ဆွေးနွေးပို့ချမှု ပြုလုပ်သည်။

ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းနှင့် မူဝါဒ၊ အခြေခံသဘောတရားနှင့် လုပ်ထုံးလုပ်နည်းများ၊ စေတနာနှင့် စိတ်ဓာတ်ကောင်းမွန်ရေး၊ စည်းကမ်းလိုက်နာရေး၊ စွမ်းရည်မြှင့်တင်ရေး ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပို့ချသည်။ **(ယာပုံ)**

အဆိုပါသင်တန်းတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာများ၊ ရုံးလုပ်ငန်းလက်စွဲ၊ ဌာန၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ မီဒီယာနှင့် ရုပ်သံပညာရပ်များကို ဝန်ထမ်း ၁၂၈ ဦးအား ဇူလိုင် ၅ ရက်မှ စ၍ ရက်သတ္တနှစ်ပတ်ကြာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ အခန်းများခွဲ၍ ပို့ချနေခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံရေဒီယို၊ တိုင်းရင်းသားဘာသာအစီအစဉ်၊ သပြေရေဒီယို နှင့် Myanma Radio ထုတ်လွှင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးခဲ့သည်။

**သတင်းစဉ်**





# ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အောင်မြင့်မိုရ် ကိုဗစ်-၁၉ ကုသရေးစင်တာ မကြာမီဖွင့်လှစ်မည်

**ရန်ကုန် ဇူလိုင် ၁၄**

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အောင်မြင့်မိုရ် ကိုဗစ်-၁၉ ကုသရေးစင်တာ မကြာမီဖွင့်လှစ်ရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ဇူလိုင် ၁၄ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး မင်္ဂလာခန်းမ၌ ကျင်းပ သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက အောင်မြင့်မိုရ်အိမ်ရာ အား မြန်မာနိုင်ငံ ဆောက်လုပ်ရေးကန်ထရိုက်တာ များအသင်းမှ ဦးဆောင်၍ ကိုဗစ်-၁၉ လူနာ ကုသရေး စင်တာအဖြစ် ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ရာ ဌာန ဆိုင်ရာများနှင့် ဆရာဝန်ကြီးများ၊ စေတနာရှင်အသင်း အဖွဲ့များနှင့် ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရန် အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်း ပြောကြား သည်။

ထို့နောက် အောင်မြင့်မိုရ်စင်တာတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ ၂၈၀၀ ထားရှိနိုင်ရန် အိပ်ရာ၊ ခြင်ထောင်၊ ခုတင်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ပြင်ဆင်ထားရှိပြီးစီးမှုများ၊ လူနာများထားရှိမည့် အခန်းများသို့ အောက်ဆီဂျင်ပိုက်လိုင်း သွယ်တန်း တပ်ဆင်နေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းနိုင်ကိုနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက အောင်မြင့်မိုရ် ကိုဗစ်-၁၉ ကုသရေးစင်တာ ဖွင့်လှစ် နိုင်ရေး ဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ကိုဗစ်-၁၉ ရောဂါ လူနာများ အတွက် အောက်ဆီဂျင်လိုအပ်မှုများစွာရှိကြောင်း၊ သို့ဖြစ်၍ လိုအပ်နေသော အောက်ဆီဂျင်ရရှိရေး အတွက် အလှူရှင်များ၏ ပံ့ပိုးကူညီလှူဒါန်းမှုများ ဖြင့် ပြည်ပနိုင်ငံများမှ မှာယူတင်သွင်းလျက်ရှိရာ မကြာမီရက်များအတွင်း ရန်ကုန်သို့ Liquid Oxygen တန် ၂၀ ရောက်ရှိမည်ဖြစ်ကြောင်းနှင့် ဆက်တိုက် တန် ၅၂၀ ရောက်ရှိလာမည်ဖြစ်သဖြင့် ရန်ကုန်မြို့ရှိ ဆေးရုံ၊ စင်တာများတွင် လိုအပ်နေသော အောက်ဆီ ဂျင်များကို ဖြည့်တင်းပေးမည့်အပြင် ပြည်သူများသို့ လည်း အခမဲ့လှူဒါန်းဖြန့်ဝေပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အထောက်အကူပြုစေရန်အတွက် စေတနာရှင်အလှူရှင်များက အောက်ဆီဂျင်အိုးများနှင့် နှာခေါင်းစည်းများ လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၄**

လက်ရှိအချိန်တွင် COVID-19 ရောဂါ တတိယလှိုင်းဖြစ်ပွားမှု မြင့်တက်လျက်ရှိပြီး ခံတက်ခွဲ အတည်ပြု ပိုးတွေ့လူနာများ ကုသရေး လုပ်ငန်းများနှင့် ကန့်သတ်စောင့်ကြည့်ရမည့် လူနာ များကို ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးရာတွင် လိုအပ်သည့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများ၊ အောက်ဆီဂျင်အိုးများ နှင့် အာဟာရဖြည့် စားသောက် ဖွယ်ရာများကို စေတနာရှင် အလှူရှင်များက တပ်မတော် ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် COVID Center များသို့ လာရောက် လှူဒါန်းလျက်ရှိသည်။

ထိုသို့ လာရောက်လှူဒါန်း လျက်ရှိရာ ရောဂါအတည်ပြု လူနာများအတွက် အောက်ဆီဂျင် လိုအပ်ချက်များကို တစ်ဖက် တစ်လမ်းမှ အထောက်အကူ ဖြစ်စေရန်အတွက် ရှမ်း ပြည်နယ်(အရှေ့ပိုင်း) တာချီလိတ် မြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံသစ်သို့ တစ်လုံးလျှင် ငွေကျပ် ရှစ်သိန်း တန်ဖိုးရှိ အသက်ရှူစက် လေးလုံး၊ လီတာ ၄၀ အောက်ဆီဂျင်အိုး အလုံး ၁၄၀ တို့ကို စေတနာရှင် အလှူရှင်များက ယနေ့နံနက်ပိုင်း တွင် လာရောက်လှူဒါန်းကြရာ ခရိုင်ဆေးရုံအုပ်ကြီးက လက်ခံ ယူခဲ့သည်။ **(အောက်ပုံ)**

အလားတူ တပ်မတော် မှ ဆောင်ရွက်ပေးလျက်ရှိသည့် COVID -19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ တွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ စေတနာရှင် အလှူရှင်များက နှာခေါင်းစည်း ငါးသိန်းနှင့် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို လာရောက်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးက လက်ခံ ယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါကုသရေးတွင် အထောက်အကူပြုစေရန် တပ်မတော်က အောက်ဆီဂျင်အိုးများ လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၄**

COVID-19 ရောဂါ ခံတက်ခွဲ အတည်ပြု ပိုးတွေ့လူနာများကို ကုသရေးလုပ်ငန်းများ ဆောင် ရွက်ရာတွင် အောက်ဆီဂျင် လိုအပ်ချက်များကို တစ်ဖက် တစ်လမ်းမှ အထောက်အကူပြု စေရန်အတွက် တပ်မတော် အနေဖြင့် အောက်ဆီဂျင်အိုး များကို ဆေးရုံများနှင့် COVID-19 ရောဂါ ကုသရေးဌာနများ အရောက် သွားရောက်လှူဒါန်း လျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ ပညာ ရေးဒီဂရီကောလိပ်၌ ဖွင့်လှစ် ထားရှိသည့် Quarantine Center သို့ အရှေ့မြောက်တိုင်းစစ်ဌာန ချုပ်၊ နယ်မြေခံတပ်မတော်သား များက Oxygen အိုး အလုံး ၁၀၀ ကို တပ်မတော် Oxygen Plan များမှ အောက်ဆီဂျင်များဖြည့် သွင်းပြီး တပ်မတော်မော်တော် ယာဉ်များဖြင့် သွားရောက် ပေးအပ်လှူဒါန်းသည်။

အလားတူ ရန်ကုန်တိုင်း ဒေသကြီး ခရမ်းမြို့နယ်ပြည်သူ့ ဆေးရုံသို့ အောက်ဆီဂျင်အိုး ၃၅ လုံး၊ သန်လျင်မြို့နယ် ပြည်သူ့ ဆေးရုံသို့ အောက်ဆီဂျင်အိုး ၂၅ လုံး၊ ကျောက်တန်းမြို့နယ်ပြည် သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး ၃၆ လုံး၊ သုံးခွ မြို့နယ်ပြည်သူ့ ဆေးရုံသို့ အောက်ဆီဂျင်အိုး ၂၃ လုံး၊ ဒလမြို့နယ်ပြည်သူ့ဆေးရုံ သို့ အောက်ဆီဂျင်အိုး ၁၅ လုံး၊ တွံတေးမြို့နယ်ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး ၅ လုံး၊ မှော်ဘီ မြို့နယ်ရှိ တပ်မတော်ဆေးဘက် ပညာသင် ကျောင်းသို့ အောက်ဆီ ဂျင်အိုးအလုံး ၅၀၊ သန်လျင် မြို့နယ်ရှိ တပ်မတော်ဆေးရုံသို့ အောက်ဆီဂျင်အိုး ၂၇ လုံး၊ ဗိုလ်တထောင်မြို့နယ်ရှိ နယ် မြေခံတပ်မတော် ဆေးရုံသို့ အောက်ဆီဂျင်အိုး ၂၅ လုံးနှင့် မြို့နယ်အသီးသီးရှိ ပရဟိတအဖွဲ့ အစည်းများသို့ အောက်ဆီဂျင်အိုး ၁၂၀ တို့ကို သန်လျင်တပ်နယ် နှင့် ဒလတပ်နယ်တို့မှ နယ်မြေခံ တပ်မတော်သားများက သန်လျင် တပ်နယ်ရှိ တပ်မတော် Oxygen Plan များမှ အောက်ဆီဂျင်များ ဖြည့်သွင်းပြီးပရဟိတအဖွဲ့ အစည်း များနှင့် ပူးပေါင်းကာ ယနေ့တွင် သွားရောက် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကောင်းမွန်သည့် အကျိုးရလဒ်

အချို့ဝန်ထမ်းများသည် ၎င်းတို့အနေဖြင့် CDM တွင် ပါဝင်မှုမရှိပါက Social Punishment ပြုလုပ်ခံရမည်ကို ကြောက်ရွံ့ခြင်း၊ မိမိတို့တာဝန်ပျက်ကွက်ခဲ့မှုများကြောင့် အရေးယူခံရမည်ကို ကြောက်ရွံ့ခြင်းများကြောင့် တာဝန်ထမ်းဆောင်မှုများကို ဆက်လက်ပျက်ကွက်လျက် ရှိကြကြောင်း၊ ကိုယ်တိုင်ဦးဆောင်လှုံ့ဆော်မှုများတွင် မပါဝင်သည့် ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ ထိုက်သင့်သည့် အရေးယူမှုကိုသာ ဆောင်ရွက်မည်ဖြစ်ပြီး အလုပ်မှထုတ်ပယ်သည်အထိ အရေးယူဆောင်ရွက်မည် မဟုတ်ကြောင်း၊ ဝန်ထမ်းများအား CDM ပြုလုပ်ရန် ခြိမ်းခြောက်နေသူများအား သတင်းပို့တိုင်ကြားရန် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား ထုတ်ပြန်ထားပြီး ခြိမ်းခြောက်သူများကို ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ CDM ပြုလုပ်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ငန်းခွင်သို့ အမြန်ဆုံး ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်ပါက နိုင်ငံအတွက် ကောင်းမွန်သည့် အကျိုးရလဒ်များရရှိမည်ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုပါကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၂-၄-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

■ *ကျောဖုံးမှ*

(ခ) မရှိမဖြစ် အခြေခံလိုအပ်ချက်များဖြစ်သော စက်သုံးဆီ၊ သောက်သုံးရေသန့်၊ သား၊ ငါးနှင့် အခြေခံစားသောက်ကုန်များ ရောင်းချသည့်ဆိုင်များသာ ဖွင့်လှစ်ရောင်းချသွားရန်၊

(ဂ) ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ရောင်းချသည့်ဆိုင်များ ဖွင့်လှစ်ရောင်းချသွားရန်၊

(ဃ) စားသောက်ဆိုင်များအနေဖြင့် ပါဆယ်စနစ် (Take away) ဖြင့်သာ ရောင်းချရန်၊

(င) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်၊ (အစိုးရဆေးရုံများ/ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ)

(စ) မဖြစ်မနေ နေအိမ်မှ ထွက်ခွာသွားရောက်ရမည့် ကိစ္စရပ်များ ပေါ်ပေါက်ပါက ပါးစပ်၊ နှာခေါင်းစည်း (Mask) အပါအဝင် လိုအပ်သော ရောဂါကာကွယ်ရေးအစီအမံများ မဖြစ်မနေ ဝတ်ဆင်ရန်၊

(ဆ) Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်COVID–19 ဆိုင်ရာ စည်းကမ်းချက်များကို တိကျစွာ လိုက်နာရန်။

၃။ အထက်ပါ စည်းကမ်းချက်များအား လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့် အညီ အရေးယူသွားမည်ဖြစ်ပါသည်။

## ကိုဗစ် - ၁၉ ကာကွယ်ထိန်းချုပ်နိုင်ရေး မိမိကစ ကာကွယ်ပေး

- **ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် "မိမိကစ၍ ကာကွယ်ပါ" ဟူသည် ကာကွယ်ရေးအတွက် အလွန်အရေးပါသည့် သတင်းစကားဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကိုဗစ် - ၁၉ ၏ ကူးစက်ပျံ့နှံ့မှုများက လူတစ်ဦးနှင့် တစ်ဦး ထိတွေ့ရာကနေတစ်ဆင့် ဆက်တိုက်၊ ဆက်တိုက် ကူးစက်သွားသည့် သဘောရှိပါသည်။**
- **ကိုဗစ် - ၁၉ ရောဂါ ပိုင်းရပ်စ်ပိုးက မြေထဲကနေ ထွက်ပေါ်လာခြင်းမဟုတ်၊ လေထဲကနေ ကျလာခြင်း မဟုတ်၊ လူအချင်းချင်း ထိတွေ့ဆက်ဆံကူးလူးရာကနေတစ်ဆင့် ကူးစက်ခြင်းဖြစ်ပါသည်။**
- **ထိုသို့ကူးစက်သည့်နေရာတွင်လည်း စိတ်ဝင်စားစရာကောင်းသည့်အချက်က ကူးစက်ခံရသည့်သူက ရောဂါပိုးရှိသည့်သူ၏ နှာခေါင်း၊ ပါးစပ်ကနေထွက်လာပြီး တစ်ဖက်လူ၏ နှာခေါင်း၊ ပါးစပ်၊ မျက်လုံးထဲကို တိုက်ရိုက် သို့မဟုတ် လက်ကနေတစ်ဆင့် ထိတွေ့ပြီး ဝင်ရောက်နိုင်ပါသည်။ နောက်ပိုင်းတွင် ပိုပြီးသိရှိလာသည်က အခုနောက်ပိုင်း မျိုးဗီဇပြောင်းလဲလာသည့် ပိုင်းရပ်စ်များက အသက်ရှူလမ်းကြောင်းကနေတစ်ဆင့် တိုက်ရိုက် ဝင်ရောက်သည့်ပိုး များသည်ကို တွေ့ရပါသည်။**
- **အစပိုင်းက ကာကွယ်ရေးနည်းလမ်းများ အများအပြားပြောခဲ့ကြသော်လည်း နောက်ပိုင်းတွင်** Mask **တပ်ရန်၊ လက်ဆေးရန်၊ တစ်ယောက်နှင့် တစ်ယောက် (၆) ပေအကွာ ခပ်ခွာခွာနေရန် စသည်တို့သည် အဓိကကျသည့် ကာကွယ်ရေးနည်းလမ်းများ ဖြစ်ပါသည်။ အဆိုပါ နည်းလမ်းများကို လူတိုင်းလူတိုင်း ကျင့်သုံးဆောင်ရွက်လျှင် ယင်းရောဂါဆိုးကနေ ကင်းဝေးမည် ဖြစ်ပါသည်။**




## လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသရှိ နေရပ်စွန့်ခွာသူများအတွက် GMSAEDC မှ ဆန်အိတ် ၁၀၀ ပေးအပ်လှူဒါန်း

**ဘားအံ ဇူလိုင် ၁၄**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသသို့ ခေတ္တပြောင်းရွှေ့ နေထိုင်လျက်ရှိသော နေရပ်စွန့်ခွာသူများအတွက် Greater Mekong Subregion Agriculture and Education Develo–pment Center (GMSAEDC )မှ ဆန်အိတ် ၁၀၀ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ဇူလိုင် ၁၃ ရက်က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက ယခုပေးအပ်လှူဒါန်းသည့် ဆန်အိတ်များကို သက်ဆိုင်ရာ နေရပ်စွန့်ခွာသူများ လက်ဝယ်အရောက် ပေးပို့လှူဒါန်းပေးမည်ဖြစ်ကြောင်း၊ ယခုအခါ ကိုဗစ်–၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုများ ရှိနေသည့်အတွက် အဆိုပါဒေသသို့ သွားရောက်ရန် အခက်အခဲများ ရှိနေသေးကြောင်း၊ GMSAEDC အနေဖြင့် ပြည်နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် လိုက်ပါဆောင်ရွက်ခြင်းများ ရှိခဲ့ကြောင်း၊ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် EAO ဒေသများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို စိတ်ပါဝင်စား လုပ်ကိုင်ကြပြီး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်နိုင်သည်အထိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်လာစေရန် ဘတ်ဂျက်များ လျာထားပေးပြီး လိုအပ်သည့် ထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ ဆန်အိတ် ၁၀၀ ကို လာရောက်လှူဒါန်းပေးသည့်အတွက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက GMSAEDC မှ စီမံကိန်းညှိနှိုင်းရေးမှူး နော်ဂျိုအဲ(ငန်း)က ဆန်အိတ်များ ပေးအပ်လှူဒါန်းရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငါးလပြည့်မြောက်တဲ့ခရီး

ကနောင်

**မိမိတို့နိုင်ငံရဲ့ ဒီမိုကရေစီစနစ်အပေါ် ရိုးသားမှုများပြန်လည်ရရှိစေဖို့ ကြိုးပမ်းဆောင်ရွက်နေတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ တာဝန်ယူမှုခရီး ငါးလတာကာလ ဖြတ်သန်းခဲ့ပြီဖြစ်ပါတယ်။ ယခင်လများနည်းတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနဲ့ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများအပါအဝင် အစိုးရတစ်ရပ်လုံးက ပြည်သူအတွက်၊ နိုင်ငံအတွက် ဖော်ဆောင်မှုများမှာ များပြားလွန်းလှပါတယ်။ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရှိအောင်၊ တိုးတက်ဖွံ့ဖြိုးအောင် အားသွန်ကြိုးပမ်းရချိန်၊ တစ်ဖက်နိုင်ငံတကာမျက်နှာစာမှာလည်း နိုင်ငံနဲ့ အုပ်ချုပ်သူအစိုးရ၊ နိုင်ငံသားတို့ရဲ့ ရပ်တည်ချက်၊ မျှော်မှန်းချက်၊ ဆောင်ရွက်ချက်များကို ကမ္ဘာကသိမြင်အောင် ကြိုးပမ်းအားထုတ်ကြရတာကို မြင်တွေ့ရပါတယ်။**

ဇွန်လ၂၃ ရက်နဲ့ ၂၄ ရက်တို့မှာ ကျင်းပခဲ့တဲ့ (၁၀) ကြိမ်မြောက် မော်စကိုအပြည်ပြည်ဆိုင်ရာ လုံခြုံရေးညီလာခံကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါတယ်။ အဲဒီညီလာခံက အပြည်ပြည်ဆိုင်ရာ လုံခြုံရေးအတွက် အမှန်တကယ်ဖြစ်ပျက်နေတဲ့ ပြဿနာတွေကို ဆွေးနွေးဖို့ လုံလောက်တဲ့ ပလက်ဖောင်းတစ်ခုဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ နိုင်ငံတကာအပေါ်ထားရှိတဲ့ သဘောထား၊ ရပ်တည်ချက်နဲ့ မိမိတို့နိုင်ငံအတွက် အစိုးရရဲ့ လုပ်ဆောင်ချက်တွေအပေါ် ကမ္ဘာ့နိုင်ငံများ သိရှိနားလည်စေရန်အတွက် ဖော်ထုတ်ပြသခဲ့တဲ့ ခရီးစဉ်တစ်ခု ဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ညီလာခံတွင် “The Asia–Pacific Region in the Context of Global Politics” ခေါင်းစဉ်နဲ့ဆွေးနွေးခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုရောက်ရှိစဉ် ဇွန်လ ၂၁ ရက်မှာ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ(မော်စကို)က ရွှေတိဂုံစေတီတော်ပုံတူတော်မြတ်ကို ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ခြင်းနဲ့ ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာ၊ သဒ္ဓမ္မဇောတိကသိမ်တော်မြတ်အား ရေစက်သွန်းချလှူဒါန်းခြင်း မင်္ဂလာအခမ်းအနားများကို တက်ရောက်ပူဇော်ခဲ့ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူးတို့ ဇွန်လ ၂၁ ရက်က တွေ့ဆုံပြီး နှစ်နိုင်ငံနဲ့ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ဆောင်ရွက်နိုင်ဖို့နဲ့ ကဏ္ဍပေါင်းစုံ ပူးပေါင်းနိုင်စေဖို့ ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shoigu က ဇွန်လ ၂၂ ရက် ညနေပိုင်းမှာ ဂုဏ်ပြုတပ်ဖွဲ့နဲ့ ကြိုဆိုခဲ့ပြီး ခင်မင်ရင်းနှီးစွာနဲ့ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့တာကိုလည်း တွေ့ရပါတယ်။

**ညီလာခံက အပြည်ပြည်ဆိုင်ရာ လုံခြုံရေးအတွက် အမှန်တကယ် ဖြစ်ပျက်နေတဲ့ ပြဿနာတွေကို ဆွေးနွေးဖို့ လုံလောက်တဲ့ ပလက်ဖောင်းတစ်ခုဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ နိုင်ငံတကာအပေါ်ထားရှိတဲ့ သဘောထား၊ ရပ်တည်ချက်နဲ့ မိမိတို့နိုင်ငံအတွက် အစိုးရရဲ့ လုပ်ဆောင်ချက်တွေအပေါ် ကမ္ဘာ့နိုင်ငံများ သိရှိနားလည်စေရန်အတွက် ဖော်ထုတ်ပြသခဲ့တဲ့ ခရီးစဉ်တစ်ခု ဖြစ်**




ဇွန်လ ၂၃ ရက်က ကျင်းပသည့် (၁၀) ကြိမ်မြောက် မော်စကို အပြည်ပြည်ဆိုင်ရာလုံခြုံရေးညီလာခံတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် “ကမ္ဘာ့နိုင်ငံရေးအခြေအနေတွင် အာရှ–ပစိဖိတ်ဒေသအရေး အား ဆွေးနွေးခြင်း (The Asia–Pacific Region in the Context of Global Politics)” ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။

### ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ချီးမြှင့်ခံရ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့တွေက ရုရှားဖက်ဒရေးရှင်းနိုင်ငံမှာရှိတဲ့ Rosoboronexport ကုမ္ပဏီနဲ့ OSTANKINO တာဝါကိုလည်း ဇွန်လ ၂၂ ရက်က သွားရောက်လေ့လာခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ရုရှားဖက်ဒရေးရှင်း နိုင်ငံစစ်ဘက်ဆိုင်ရာတက္ကသိုလ်က ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ကို ဇွန်လ ၂၄ ရက် ညနေပိုင်းက အဆိုပါတက္ကသိုလ်မှာ ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

ထို့အတူ ရုရှားနိုင်ငံ Russia 24 သတင်းဌာနနဲ့ RIA သတင်းဌာနတို့ရဲ့ တွေ့ဆုံမေးမြန်းမှုတွေကိုလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ခံဖြေကြားပေးခဲ့ပါတယ်။ မေးမြန်းမှုတွေမှာ ရုရှား–မြန်မာ စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေတဲ့အခြေအနေ၊ လက်ရှိမြန်မာ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနဲ့ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးဆိုင်ရာများ ပါဝင်ခဲ့ပါတယ်။

ရုရှားနိုင်ငံကို ရောက်ရှိနေတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ ကိုယ်စားလှယ်အဖွဲ့ဝင်များက Republic of the Tatarstan ၊ Kazan မြို့တော်ကိုရောက်ရှိခဲ့စဉ် သမ္မတ Mr. Rustam Nurgaliyevich Minnikhanov နဲ့ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့တဲ့အပြင် ဆေးကုသရေးဆိုင်ရာအထောက်အကူပြုဆေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီများ၊ ရေယာဉ်တည်ဆောက်ရေးအလုပ်ရုံဖြစ်တဲ့ JSC “Zelenodolsk Plant named after A.M.Gorky”၊ ထရပ်ကား၊ ဘတ်စ်ကားနဲ့ ဒီဇယ်အင်ဂျင်တွေထုတ်လုပ်တဲ့ KAMAZ Holding ကုမ္ပဏီ၊ PJSC “Kazan Helicopters” ထုတ်လုပ်ရေးအလုပ်ရုံနဲ့ Kazan Higher Tank Red Banner Command School တို့ကိုသွားရောက်လေ့လာခဲ့ပြီး ရိုးရာနွေရာသီပွဲတော်ကိုလည်း တက်ရောက်ချီးမြှင့်ခဲ့ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့က Novosibirsk မြို့ကို ဇွန်လ ၂၆ ရက်က ရောက်ရှိခဲ့ပြီး ပြည်နယ် Academic Opera and Ballet Theatre၊ Higher Military Command School နဲ့ Russian Academy of Science (Siberian Branch) တို့ကို သွားရောက်လေ့လာခဲ့ပါတယ်။

ထို့အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာတဲ့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် ဦးဆောင်တဲ့ မြန်မာ့တပ်မတော်(ရေ) ကိုယ်စားလှယ်အဖွဲ့အနေနဲ့ ရုရှားနိုင်ငံသို့ ရောက်ရှိနေစဉ်ကာလအတွင်းမှာ နိုင်ငံတကာရေကြောင်းဆိုင်ရာ ကာကွယ်ရေးပြပွဲကို တက်ရောက်ခဲ့ပြီး ရုရှားရေတပ်ဦးစီးချုပ်နဲ့ တွေ့ဆုံဆွေးနွေးမှုတွေကို ပြုလုပ်ခဲ့ပါတယ်။

### ပြည်နယ်နဲ့ တိုင်းဒေသကြီးများပါမကျန် တိုးတက်စေရန်ကြိုးပမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ကို ကားလမ်းဆက်စပ်သွားလာနိုင်ဖို့ အရေးပါတဲ့ သံလွင်တံတား(ချောင်းဆုံ) ဆိုင်းဘုတ်ကို ဇွန်လ ၁ ရက်က ဖွင့်လှစ်ပေးခဲ့တဲ့အပြင် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဝန်ထမ်းများနဲ့ တွေ့ဆုံပြီး စစ်တောင်းစက္ကူစက် ပြန်လည်လည်ပတ်နိုင်ရေး၊ မော်လမြိုင် လေယာဉ်ကွင်းနဲ့ ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အကောင်အထည်ဖော်ရေးများကို ညှိနှိုင်းပေးခဲ့တဲ့အပြင် နယ်မြေခံတပ်မတော်သားများနဲ့တွေ့ဆုံခြင်း၊ တပ်မတော်ဆေးရုံတွေကို ထောက်ပံ့လှူဒါန်းခြင်းတွေ၊ ပေါင်မြို့ ပဒုမ္မာဆပ်ပြာစက်ရုံ စစ်ဆေးခြင်းတွေနဲ့ မွန်ပြည်နယ် မင်းရွာအနီးက အားကစားဥယျာဉ်တည်ဆောက်ရေးလုပ်ငန်းခွင်တွင် အများပြည်သူအဆင်ပြေချောမွေ့စွာလာရောက်နိုင်စေရေးအတွက်ပါ လမ်းညွှန်မှာကြားခဲ့တာကို မြင်တွေ့ရပါတယ်။

ဇွန်လ ၅ ရက်မှာကျရောက်တဲ့ ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်တွေအရ သဘာဝဘေးအန္တရာယ်များ တွေ့ကြုံခံစားရမှု လျော့ပါးစေရေးနဲ့ ဂေဟစနစ်ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းစဉ်တွေ အောင်မြင်စေရေး လမ်းညွှန်မှာကြားခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၂/၂၀၂၂)၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၈/၂၀၂၂)၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၉/၂၀၂၂)တွေကို တက်ရောက်ခဲ့ပြီး နိုင်ငံရေးအခြေအနေအရပ်ရပ်အပေါ် သုံးသပ်ဆွေးနွေးခဲ့တာ၊ *စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍအသီးသီး အပေါ် ဆွေးနွေးညှိနှိုင်းအဖြေရှာခဲ့တာတွေကို မြင်တွေ့ရပါတယ်။ ဥပမာ – နိုင်ငံရဲ့ ဘဏ္ဍာနှစ်ပြောင်းလဲသတ်မှတ်နိုင်ဖို့၊ ကျေးလက်ကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေ အလေးပေးဆောင်ရွက်ကြဖို့နဲ့ အခွန်အခများလျှော့ချနိုင်ဖို့ စတဲ့ နိုင်ငံအတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို ချမှတ်ပေးခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဦးဆောင်အဖွဲ့ စုံညီအစည်းအဝေး (၁/၂၀၂၁)၊ နိုင်ငံ အဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေး၊ အမျိုးသားမြေအသုံးချမှု ကောင်စီ ပထမအကြိမ်အစည်းအဝေး၊ မြန်မာ အထူးစီးပွားရေးဇုန် ဆိုင်ရာ ဗဟိုအစည်းအဝေး(၁/၂၀၂၁)၊ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးများ အပြင် ကိုဗစ် – ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ စတုတ္ထနှင့် ပဉ္စမအကြိမ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးများကို တက်ရောက်ပြီး ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်တွေကို ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများနဲ့အတူ ညှိနှိုင်းအဖြေရှာပေးနိုင်ခဲ့ပါတယ်။

### နိုင်ငံတကာရေးရာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်က ဇွန်လအတွင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီ ကော်မတီ (ICRC) ဥက္ကဋ္ဌ Mr.Peter Maurer ဦးဆောင်တဲ့ကိုယ်စားလှယ် အဖွဲ့၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနဲ့ အာဆီယံ အတွင်းရေးမှူးချုပ်တို့ကို လက်ခံတွေ့ဆုံခဲ့ပြီး ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးရရှိရေးအတွက် အာဆီယံအဖွဲ့ရဲ့ ဆောင်ရွက်မှုတွေကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါတယ်။

ဇွန်လ ၅ ရက်မှာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးကို လက်ခံတွေ့ဆုံခဲ့ပြီး တရုတ် – အာဆီယံ ဆက်ဆံရေး နှစ် ၃၀ ပြည့်အခမ်းအနားနှင့် တရုတ် – မြန်မာ ချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ပါတယ်။ နိုင်ငံ တော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Phoenix ရုပ်သံမီဒီယာက တွေ့ဆုံမေးမြန်းခဲ့ရာမှာလည်း လက်ရှိ နိုင်ငံရေးအခြေအနေ၊ နိုင်ငံတကာဆက်ဆံရေးနဲ့ အနာဂတ်နိုင်ငံ လူမှု စီးပွားမျှော်မှန်းချက်တွေကို ဖြေကြားခဲ့တာကိုလည်း မြင်တွေ့ရပါ တယ်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် က ဇွန်လ ၇ ရက်မှာ ကျင်းပခဲ့တဲ့ မိတ်ဖက်ဆက်ဆံရေး နှစ် ၃၀ ပြည့် အထိမ်းအမှတ် အာဆီယံ – တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အထူး အစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေကို တက်ရောက်ဖို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့ပါတယ်။ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေအရပ်ရပ် ကို အစည်းအဝေးများမှာ တင်ပြဆွေးနွေးခဲ့တဲ့အပြင် တရုတ်နှင့် အာဆီယံဆိုင်ရာ နိုင်ငံတော်အဆင့်တာဝန်ရှိသူများနဲ့ တွေ့ဆုံဆွေးနွေး မှုများ ပြုလုပ်ခဲ့ပါတယ်။ ထူးခြားမှုအနေနဲ့ မဲခေါင် – လန်ချန်း ပူးပေါင်း ဆောင်ရွက်မှုအထူးရန်ပုံငွေနဲ့ အကောင်အထည်ဖော်မယ့် စီမံကိန်းများ အနက် မြန်မာနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ရှစ်သန်းကျော် တန်ဖိုး ရှိ လူမှုစီးပွားဘဝများအတွက် စီမံကိန်း ၂၂ ခုကို အကောင်အထည်ဖော် နိုင်ဖို့ သဘောတူညီချက်များ ချမှတ်နိုင်ခဲ့ပါတယ်။

ဇွန်လအတွင်း ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက (၁၅) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး နဲ့ ဆက်စပ်အစည်းအဝေးတွေ၊ ရှစ်ကြိမ်မြောက် အာဆီယံအပေါင်း ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးတွေကို တက်ရောက်ခဲ့ပါတယ်။ အာရှနဲ့ ပစိဖိတ်ဒေသဆိုင်ရာရပ်ဝန်းနဲ့ ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံများရဲ့ အဆင့်မြင့်ညီလာခံကို ဇွန်လ ၂၄ ရက်က ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ဆွေးနွေးခဲ့ပါ တယ်။ ထို့အတူ (၁၁) ကြိမ်မြောက် အာဆီယံအပေါင်း အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့အစည်းအဝေး ကို မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့က ဦးဆောင်ပြီး ဇွန် ၃၀ ရက်က ကျင်းပခဲ့ပါတယ်။

အာဆီယံ – ရုရှားလုံခြုံရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲကို ဇွန်လ ၂၈ ရက်က ကျင်းပခဲ့ရာမှာလည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်ဆွေးနွေးခဲ့ပါတယ်။ အာဆီယံကဏ္ဍအလိုက် အဖွဲ့အစည်းများနဲ့ ဆက်စပ်အဖွဲ့အစည်းများ အကြား ဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအဖြစ် (အာဆီယံအဆင့်မြင့်ဥပဒေအရာရှိကြီးများအစည်းအဝေး)ကို အလှည့်ကျ ဥက္ကဋ္ဌအနေနဲ့ ဒုတိယရှေ့နေချုပ်နဲ့ ကိုယ်စားလှယ်အဖွဲ့ တက်ရောက် ပြီး ပူးပေါင်းဆွေးနွေးခဲ့တာတွေအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို နေရပ် စွန့်ခွာသွားခဲ့သူ ၇၂ ဦးမှာ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လိုတဲ့ ကိစ္စရပ်ကို ဇွန်လ ၁၁ ရက်ကကျင်းပတဲ့ နိုင်ငံသားစိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာ တာဝန်ရှိသူများက ညှိနှိုင်း ဆောင်ရွက်ခဲ့ကြပါတယ်။

နိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန်လအတွင်း သတင်းထုတ်ပြန်ချက် သုံးစောင်ကို ထုတ်ပြန်ခဲ့ပါတယ်။ ဇွန်လ ၁၃ ရက် ရက်စွဲနဲ့ သတင်း ထုတ်ပြန်ရာမှာ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးက မြန်မာနိုင်ငံအရေးနဲ့ စပ်လျဉ်းပြီး ဇွန်လ ၁၁ ရက်နေ့စွဲနဲ့ ထုတ်ပြန် ခဲ့တဲ့ သတင်းထုတ်ပြန်ချက်အပေါ် မြန်မာနိုင်ငံအနေနဲ့ ပြင်းထန်စွာ ကန့်ကွက်ပယ်ချလိုက်တဲ့ တန်ပြန်သတင်းထုတ်ပြန်ချက် ဖြစ်ပါ တယ်။ ဇွန်လ ၁၅ ရက် ရက်စွဲနဲ့ သတင်းထုတ်ပြန်ချက်က ဇွန်လ ၁၃ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ G7 ထိပ်သီးအစည်းအဝေး ကြေညာချက်မှာ ပါဝင်တဲ့ အတည်ပြုမရတဲ့သတင်းရင်းမြစ်တွေကနေ ထွက်ပေါ်လာတဲ့ ဘက်လိုက်မှုရှိတဲ့ သတင်းမှားတွေကို အခြေခံပြီး မြန်မာ့ပြည်တွင်း နိုင်ငံရေးကိစ္စရပ်တွေအပေါ် ထည့်သွင်းဖော်ပြတာကို ပြင်းပြင်း ထန်ထန် ပြန်လည်ကန့်ကွက်ခဲ့တာဖြစ်ပါတယ်။ တတိယသတင်း ထုတ်ပြန်ချက်ကို ဇွန်လ ၁၉ ရက်မှာ ထုတ်ပြန်ခဲ့ပြီး ကုလသမဂ္ဂ အထွေထွေညီလာခံသို့ လီချင်စတိန်းနိုင်ငံက တင်သွင်းတဲ့ The Situation in Myanmar အဆို မူကြမ်းနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံအနေနဲ့ နိုင်ငံခြားရေးမူဝါဒနဲ့အညီ မိမိတို့နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွား အတွက် ဆက်လက်ဆောင်ရွက်သွားမယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာ အာဏာကို ထိခိုက်စေတဲ့ ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှုတွေ ကို လက်သင့်မခံကြောင်းကို ဖော်ပြပါရှိခဲ့ပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဇွန် ၁ ရက်က ပေါင်မြို့နယ် ပဒုမ္မာဆပ်ပြာ စက်ရုံအတွင်း ဆပ်ပြာထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**“မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေနဲ့ အကောင်အထည်ဖော်မယ့် စီမံကိန်းများအနက် မြန်မာနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ရှစ်သန်းကျော် တန်ဖိုး ရှိ လူမှုစီးပွားဘဝများအတွက် စီမံကိန်း ၂၂ ခုကို အကောင်အထည်ဖော်နိုင်ဖို့ သဘောတူညီချက်များ ချမှတ်နိုင်ခဲ့”**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဇွန် ၄ ရက်က ကျင်းပသည့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင် အဖွဲ့စုံညီအစည်းအဝေး (၁/၂၀၂၁)၌ အမှာစကားပြောကြားစဉ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီတို့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

**ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Online Platform ဖြင့် ကျင်းပသည်။(အောက်ပုံ)**



အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ယနေ့ အစည်းအဝေးတွင် အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေ၏ ရရှိ/သုံးစွဲ/ လက်ကျန် အခြေအနေများ၊ ရန်ပုံငွေသုံးစွဲမှုနှင့်စပ်လျဉ်း၍ စာရင်းစစ်ဆေး အကြံပြုချက်များ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၌ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီအဖွဲ့ဖွဲ့စည်းထားရှိမှု အခြေအနေများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ကော်မတီဝင်များအနေဖြင့် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဝိုင်းဝန်း အကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ကော်မတီဒုတိယဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရန်ပုံငွေစာရင်းများ ပြုစုရာတွင် ဖေဖော်ဝါရီ ၁ ရက်မှစပြီး ရရှိ/ သုံးစွဲ/ လက်ကျန်စာရင်း အပိုင်းခွဲခြား ပြုစုရန်လိုအပ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန်က အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေ ရရှိ/သုံးစွဲ/ လက်ကျန် အခြေအနေများ၊ ရန်ပုံငွေသုံးစွဲမှုနှင့် စပ်လျဉ်း၍ စာရင်းစစ်ဆေး အကြံပြုချက်များကို ရှင်းလင်းတင်ပြပြီး တင်ပြမှုများအပေါ် ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၂၁)ကို Online Platform ဖြင့် ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင်အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က သဘာဝဘေးတုံ့ပြန်ရေး လုပ်ငန်းများ၌ အားလုံးဝိုင်းဝန်းပူးပေါင်းကာ စုပေါင်းအားဖြင့် ဆောင်ရွက်ကြရန် လမ်းညွှန်ထားရှိကြောင်း၊ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ Quarantine Center များ၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် ကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် စောင်၊ ခြင်ထောင်၊ မြက်ဖျာ၊ တာပေါ်လင်စများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စေတနာ့ဝန်ထမ်း Volunteer အဖွဲ့အစည်းများအတွက် လိုအပ်သည့် စက်သုံးဆီ၊ စားစရိတ်နှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်သောနည်းစနစ်နှင့် အထောက်အကူပြု ပစ္စည်းများ ပံ့ပိုးပေးနိုင်ရေး ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က သဘာဝဘေး စီမံခန့်ခွဲမှု အဖွဲ့များအနေဖြင့် စီမံချက်များရေးဆွဲရန်၊ ကိုဗစ်-၁၉ နှင့် ပတ်သက်၍လည်း ထည့်သွင်း စဉ်းစားဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းကော်မတီ ဖွဲ့စည်းမှု၊ လုပ်ငန်းတာဝန်များနှင့် အမျိုးသားကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်သည့် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၊ အဖွဲ့ဝင်(၁)များ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များက လတ်တလောတွင် COVID-19 နှင့် ပတ်သက်၍ ဆောင်ရွက်မှုနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးမိတ်မြို့နယ်၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နိုင်ရေး ငွေကျပ်သိန်း ၂၀၀ လှူဒါန်း

**မိုးမိတ် ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ်တွင် COVID- 19 ရောဂါနှင့်ပတ်သက်၍ အရေးပေါ်ကာကွယ် တုံ့ပြန်ဆောင်ရွက်နိုင်ရန် အလှူငွေ ပေးအပ်လှူဒါန်းခြင်းကို ဇူလိုင် ၁၃ ရက် နေ့လယ် ၂ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မိုးမိတ်မြို့ မြောက်ပိုင်းရပ်ကွက်နေ ဦးတိုင်မိသားစုမှ အောက်ဆီဂျင်စက်ရုံတည်ဆောက်နိုင်ရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀နှင့် COVID-19 ရောဂါနှင့် ပတ်သက်၍ အရေးပေါ်ကာကွယ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး ရှေ့လုပ်ငန်းစဉ်များအတွက် ငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ လှူဒါန်းခြင်း ဖြစ်သည်။

အဆိုပါ လှူဒါန်းပွဲတွင် ခရိုင်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်က ကျေးဇူးတင်စကားပြောကြားခဲ့ပြီး လှူဒါန်းငွေများကို ခရိုင်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မိုးမိတ်သား(စည်သူဌေး)**




## ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများအား စားသောက်ကုန်များ ထောက်ပံ့

**ပဲခူး ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ဇူလိုင် ၁၄ ရက် နံနက် ၁၀နာရီခွဲက ပဲခူးမြို့ ခုတင်(၅၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ သွားရောက်၍ တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများအား စားသောက်ကုန်များ သွားရောက်ထောက်ပံ့ကာ အားပေးစကားပြောကြားခဲ့သည်။ **(ယာပုံ)**



ရှေးဦးစွာ ပဲခူးမြို့ ခုတင် (၅၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး၌ ပြည်ထောင်စုဘတ်ဂျက်ဖြင့် တည်ဆောက်ဆဲ Liquid Oxygen Plant အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး စာချုပ်ချုပ်ဆို တည်ဆောက်သည့် ကုမ္ပဏီနှင့် အမြန်ဆုံးချိတ်ဆက်၍ ပြည်သူများအတွက် အမြန်ဆုံး အောက်ဆီဂျင် လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးနှင့် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ ကြိုတင်မှာယူတင်သွင်း သယ်ယူနိုင်ရေးတို့အား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပဲခူးမြို့ ခုတင် (၅၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာ ဇော်လွင်က ဆေးရုံ၌ COVID-19 ရောဂါ ကုသပေးနေမှု အခြေအနေအား ရှင်းလင်းတင်ပြသည်။

ပဲခူးဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများအား တစ်ဦးလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား ထပ်မံထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံ၌ တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ဆန် ၁၀ အိတ်၊ ဆီငါးပိဿာငါးပုံး၊ ကြက်ဥ ၃၅ ကတ်၊ ခေါက်ဆွဲခြောက်၊ ကော်ဖီမစ်များနှင့် ငွေကျပ် ၁၅သိန်း ထောက်ပံ့ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် ပဲခူးမြို့ GTI ကျောင်း၌ တည်ဆောက်ပြီးစီးသည့် လူနာ ၈၈၀ဆံ့ COVID-19 ရောဂါ ကုသရေးဆောင်များအား ကြည့်ရှုစစ်ဆေးသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း COVID-19 ရောဂါ ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း လုပ်ငန်းများအား မြို့နယ် ၂၈ မြို့နယ်တွင် သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝန်ထမ်းများ၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီနှင့် စေတနာ့ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ပြည်သူများ မလိုအပ်ဘဲ အပြင်မထွက်စေရေးနှင့် အပြင်ထွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း လိုက်နာမှုရှိစေရေး ကြီးကြပ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ၌ ပါဝင်လှူဒါန်းမှုများ ပြုလုပ်နိုင်ကြောင်း ကြေညာချက်

ယခုအခါ မိမိတို့နိုင်ငံအတွင်း COVID–19 တတိယလှိုင်းဖြစ်ပေါ်လျက်ရှိပြီး ကူးစက်မှုနှုန်း မြင့်တက်လာသည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့ ပူးပေါင်း၍ နိုင်ငံတစ်ဝှမ်း COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အတွက် ဆေးရုံများ၊ ဆေးခန်းများ၊ Quarantine Center များ၊ Community COVID Positive Centre များ ဖွင့်လှစ်၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများပြုလုပ်ရာတွင် လိုအပ်သည့် ရောဂါကာကွယ်ရေးပစ္စည်းများ၊ ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အခြားအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများအား သက်ဆိုင်ရာ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ဆေးရုံ၊ ဆေးခန်း၊ Quarantine Center များနှင့် Community COVID Positive Centre များနှင့် သက်ဆိုင်ရာနေရာများသို့ တိုက်ရိုက်ပေးပို့လှူဒါန်းနိုင်ကြောင်းအသိပေး နှိုးဆော်အပ်ပါသည်။

**Coronavirus Disease 2019(COVID–19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## အသိပေး ကြေညာချက်

၂၀၂၁ ခုနှစ်၊ (၇၄) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပပြုလုပ်မည့် ၁၉–၇–၂၀၂၁ ရက်(တနင်္လာနေ့)တွင် ရွှေတိဂုံ စေတီတော်မြတ်ကြီးအား အများပြည်သူဖူးမြော်ကြည်ညိုခွင့်ကို နံနက်ပိုင်းမှစ၍ ညနေ ၃ နာရီအထိ ခေတ္တပိတ်ထားမည်ဖြစ်ပါကြောင်းနှင့် ညနေ ၃ နာရီနောက်ပိုင်းတွင် ဖူးမြော်ခွင့် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိရှိနိုင်စေရန် အသိပေးကြေညာ အပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကျန်းမာရေးစင်တာနှင့် စစ်ဆေးရေးဂိတ်များသို့ ကြည့်ရှုစစ်ဆေး

မကွေး ဇူလိုင် ၁၄

**မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက မကွေးမြို့ သီတဂူမျက်စိဆေးရုံ၌ ကိုဗစ်–၁၉ ရောဂါစစ်ဆေး ဆောင်ရွက်နေမှု အခြေအနေအားသွားရောက်ကြည့်ရှုပြီး နှာခေါင်းစည်းများ၊ လက်အိတ်များနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။**



ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များသည် ကံပြားကျေးရွာ စစ်ဆေးရေးဂိတ်သို့ ရောက်ရှိပြီး ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးအတွက် အပူချိန်တိုင်းတာပေးနေမှု၊ စာရင်းကောက်ယူမှု အခြေအနေနှင့် မော်တော်ယာဉ်ဝင်ထွက်မှု အခြေအနေများ စစ်ဆေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး မကွေးမြို့ မြို့ရှောင်လမ်းရှိ ကမ္ဘာကျော် အောက်ဆီဂျင်ဓာတ်ငွေ့ ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများ၏ အောက်ဆီဂျင် လိုအပ်မှုများ ဖြည့်ဆည်းနိုင်ရေးအတွက် နေ့စဉ်ထွက်ရှိသည့် အောက်ဆီဂျင်များအား အချိုးကျခွဲဝေ ရောင်းချပေးရေး ညှိနှိုင်းဆောင်ရွက်ပေးပြီး လျှပ်စစ်မီး အချိန်ပြည့်ရရှိရေး တင်ပြမှုအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များသည် မင်းဘူးခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများအတွက် ဆေးနှင့် ဆေးပစ္စည်း လိုအပ်ချက် ရှိ/မရှိနှင့် ဆေးဝါး ကုသဆောင်ရွက်ပေးနေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဆေးရုံကြီးတွင် အောက်ဆီဂျင် လိုအပ်ချက် မရှိစေရေးအတွက် လက်ရှိ အသုံးပြုလျက်ရှိသော အောက်ဆီဂျင်စက် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးကာ ထပ်မံပြုပြင်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ငဖဲမြို့နယ် ပျဉ်းဝကျေးရွာ ဝင်/ထွက် ပူးပေါင်းစစ်ဆေးရေးဂိတ်သို့ ထွက်ခွာလာရာ ညနေ ၄ နာရီ မိနစ် ၅၀ခန့်တွင် ငဖဲမြို့နယ် ပျဉ်းဝကျေးရွာ ကျန်းမာရေး စစ်ဆေးရေးဂိတ်နှင့် ဝင်/ထွက် ပူးပေါင်းစစ်ဆေးရေးဂိတ်သို့ ရောက်ရှိပြီး မော်တော်ယာဉ်များ ဝင်/ထွက်သွားလာမှု၊ ကျန်းမာရေး စစ်ဆေးပေးနေမှု အခြေအနေများနှင့် ပျဉ်းဝကုန်စည်လွှဲပြောင်းရေးစခန်းရှိ လေလံရောင်းချမည့် အဆောက်အအုံ အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပျဉ်းဝကုန်စည် လွှဲပြောင်းရေး စခန်းရှိ ဂိတ်အဆောက်အအုံဟောင်းများကို မြို့နယ်အတွင်းရှိ လိုအပ်သော နေရာများတွင် အကျိုးရှိရှိ အသုံးချနိုင်ရေးနှင့် ကျန်းမာရေး စစ်ဆေးရေးဂိတ်ကို စုပေါင်းဂိတ်၏ အထက် မြေကွက်လပ်တွင် ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်ညီညာ(မကွေး)**

## ကျိုင်းတုံမြို့၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်မည်

**ကျိုင်းတုံ ဇူလိုင် ၁၄**

ကျိုင်းတုံ၌ ဆေးဘက်ဆိုင်ရာ အောက်ဆီဂျင်ထုတ် စက်ရုံတည်ဆောက်မည်ဖြစ်ပြီး စေတနာရှင်များက စက်ရုံတည်ဆောက်ရေးအတွက် ပါဝင်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

"လောလောဆယ် ရည်ရွယ်ထားတာက တစ်လအတွင်း ရန်ကုန်အရောက် ဒေါ်လာ ၅ သောင်းတန်စက် ရည်ရွယ်ထားပါတယ်။ တစ်နာရီကို ၄၀ လီတာဝင် ဆလင်ဒါအိုး လေးလုံးထွက်မှာ ဖြစ်ပါတယ်။ အမြန်ဆုံးတည်ဆောက်ဖို့ ကြိုးစားနေပါတယ်" ဟု ကျိုင်းတုံခရိုင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းက ပြောသည်။




ကျိုင်းတုံမြို့ အပါအဝင် အခြားမြို့နယ်များ၌ အောက်ဆီဂျင်ကို တာချီလိတ်မြို့ တစ်ဖက်ကမ်း၌ သွားရောက်ဝယ်ယူရခြင်းဖြစ်ပြီး ဒေသတွင်း ကိုဗစ်–၁၉ ရောဂါ အတည်ပြု လူနာများခဲ့လျှင်အောက်ဆီဂျင် လိုအပ်သည့် အခက်အခဲရှိမည် ဖြစ်သည်။

သို့ဖြစ်၍ အောက်ဆီဂျင်ထုတ်စက်ရုံ အမြန်ဆုံး တည်ဆောက်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ပြီး အခြားမြို့နယ်များ၏ အောက်ဆီဂျင် လိုအပ်ချက်ကိုလည်း ဖြည့်ဆည်း ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

အောက်ဆီဂျင်ထုတ် စက်တည်ဆောက်ရေးအတွက် ကျိုင်းတုံခရိုင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီအဖွဲ့ထံသို့ စေတနာရှင်များက ငွေကြေးလာရောက်လှူဒါန်းလျက်ရှိပြီး လှူဒါန်းလိုသူများအနေဖြင့် ဖုန်း ၀၉–၂၆၅ ၁၀၈ ၀၆၈၊ ၀၉– ၅၂၅၀၄၈၁ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

ကျိုင်းတုံမြို့တွင် ဇွန် ၂၉ရက်မှ ဇူလိုင် ၁၄ရက်အထိ ကိုဗစ်–၁၉ ရောဂါ အတည်ပြုလူနာ ၂၈ ဦး တွေ့ရှိထားပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်း အချို့မြို့နယ်များတွင်လည်း ကူးစက်မှုများ ရှိနေကြောင်း သိရသည်။

**မောင်မောင်နိုင်**
**(ကျိုင်းတုံ)**

## ဘိုကလေးမြို့နယ်၌ နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များလှူဒါန်း

**ဘိုကလေး ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကော်မတီသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ ယနေ့နံနက် ၁၁နာရီခန့်တွင် နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များအား လိုအပ်သည့်နေရာများ၌ အသုံးပြုဆောင်ရွက်နိုင်ရန်အတွက် လှူဒါန်းပေးအပ်ခဲ့သည်။

ထိုသို့ လှူဒါန်းရာတွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက နှာခေါင်းစည်း ၁၅၈၅၇ ခု၊ လက်သန့်ဆေးရည် Hand Spray ၂၆ ဘူး၊ Hand Gel ၁၄၃ ဘူးတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးကျော်မျိုးထိုက်က လက်ခံရယူခဲ့သည်။

ယခုလက်ရှိတွင် ဘိုကလေးမြို့နယ်၌ ကိုဗစ်–၁၉ အတည်ပြုလူနာ ၆၀ ရှိပြီး ၎င်းတို့အား မြို့နယ်ခုတင် ၁၀၀ဆံ့ ပြည်သူ့ဆေးရုံနှင့် ဘိုကလေးတံတားအောက်ရှိ ရှင်းလင်းဆောင်တို့တွင် သီးခြားထားရှိကာ ဆေးဝါးကုသ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရောဂါသက်သာပျောက်ကင်း၍ ဆေးရုံဆင်းခွင့်ရရှိသူအချို့ရှိကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွင် စေတနာ့ဝန်ထမ်းများ ပူးပေါင်းကူညီနိုင်ပါရန် မေတ္တာရပ်ခံခြင်း

၁။ ယခုအခါ နိုင်ငံအတွင်း COVID-19 ကပ်ရောဂါ တတိယလှိုင်းအဖြစ် တိုင်းဒေသကြီး/ပြည်နယ်များတွင် COVID-19 ရောဂါ သံသယလူနာနှင့် COVID-19 ရောဂါ ပိုးတွေ့လူနာ များပြားလျက်ရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများအပေါ် စေတနာအပြည့်အဝထားကာ အထူးကြိုးစား ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့သော် အချို့ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းခွင်ပျက်ကွက်နေ၍ လူအင်အား မပြည့်စုံခြင်းနှင့် အလွန်ကူးစက်မြန်သော ဗိုင်းရပ်စ်ကူးစက်နေခြင်းတို့ကြောင့် ဝန်နှင့်အား မမျှဖြစ်ကာ ရောဂါကာကွယ် ထိန်းချုပ်မှုနှင့် ကုသရေးတွင် အခက်အခဲများ ကြုံတွေ့လျက်ရှိပါသည်။

၃။ သို့ပါ၍ အများပြည်သူအကျိုးငှာ ပြည်သူ့ဆေးရုံများ၊ COVID-19 ရောဂါ ကုသရေးဌာနများ၊ အသွားအလာ ကန့်သတ်ထားရှိသော နေရာများတွင် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းအလိုက် မိမိဆန္ဒအလျောက် တာဝန်ထမ်းဆောင်လိုသူများရှိပါက ပူးပေါင်းကူညီနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်-

(က) COVID-19 ရောဂါကုသရေးလုပ်ငန်း- ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်ပညာရှင်

( ခ ) ဆေးရုံသုံးပစ္စည်းကိရိယာများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း - ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာ

( ဂ ) လူနာသတင်းအချက်စီမံခန့်ခွဲမှုလုပ်ငန်း- သတင်းအချက်အလက် နည်းပညာကျွမ်းကျင်သူ

(ဃ) လူနာလွှဲပြောင်းပေးပို့ခြင်းလုပ်ငန်း

( င ) COVID-19 ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း- ကာကွယ်ဆေးထိုးသူများနှင့် ပတ်သက်၍ သတင်းအချက်အလက် မှတ်တမ်းစာရင်းသွင်းခြင်း ကွန်ပျူတာကျွမ်းကျင်သူများ၊ Data Assistants များ

၄။ စိတ်ပါဝင်စားသူ တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန Call Center (၀၆၇-၃၄၁၁၅၀၈, ၀၆၇-၃၄၁၁၅၀၉, ၀၆၇- ၃၄၁၁၁၄၄) သို့ သတင်းပေးပို့ဆက်သွယ်နိုင်ပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်ရှိသည့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနများနှင့် ဆေးရုံအုပ်ကြီး ရုံးများသို့ ဆက်လက်ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းများ၏ စားသောက်နေထိုင်ရေး၊ COVID-19 ရောဂါ ကာကွယ်ရေးလုပ်ငန်း လိုအပ်ချက်နှင့် လူနာလွှဲပြောင်းပေးပို့ခြင်းတွင် စက်သုံးဆီလိုအပ်ချက်အတွက် တာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

၅။ မိမိ မိသားစုနှင့် ပတ်ဝန်းကျင်မိတ်ဆွေများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေသူများရှိပါကလည်း COVID-19 ရောဂါ ကုသရေးဌာနများတွင် စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေး မိဘပြည်သူများအနေဖြင့် တိုက်တွန်းပေးပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**



## မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ နှာခေါင်းစည်းများ ပေးဝေလှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၊ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နှင့် ပလောက်မြို့၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၊ ကြံခင်းမြို့၊ လေးမျက်နှာမြို့၊ အင်္ဂပူမြို့နှင့် ဖျာပုံမြို့များရှိ လူစည်ကားရာ ဘုရားစေတီများ၊ ဈေးများ၊ လမ်းများ၌ ဒေသခံပြည်သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ နှာခေါင်းစည်း ၁၈၇၀၀ ကို ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တင့်ဆွေ (ဖျာပုံ) ရေးသားသည့် "ကျောပိုးအိတ်လေးကို ချီကာလွယ်" စာအုပ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၁၄**



ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က တင့်ဆွေ (ဖျာပုံ) ရေးသားသည့် **"ကျောပိုးအိတ်လေးကို ချီကာလွယ်"** စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ ယင်းစာအုပ်မှာ ၂၀၁၀ ပြည့်နှစ်အတွက် အမျိုးသားစာပေ (စာပဒေသာ) ဆုရစာအုပ်ဖြစ်ပြီး ပဉ္စမအကြိမ် ထုတ်ဝေခြင်းဖြစ်သည်။ ဇနီးအဖြစ် အနှစ် (၆၀) တိုင်တိုင် တာဝန်ကျရာ ဒေသအသီးသီးသို့ လိုက်ပါပြီး ခင်ပွန်းဖြစ်သူ ကျန်းမာအောင်၊ ပျော်ရွှင်အောင်၊ အလုပ်တာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်အောင် ဖဝါးခြေထပ်အမြဲမခွဲဘဲ လိုက်ပါပါရမီဖြည့်ခဲ့ရသူ ဇနီးသည်ကို ရည်စူး၍ ရေးသားထားသည့် မှတ်တမ်းစာအုပ်ဖြစ်သည်။ မြေပြန့်တောင်ပေါ်၊ ပင်လယ်ကမ်းရိုးတန်း၊ မြန်မာပြည်အနှံ့ တာဝန် ကျရာဒေသများသို့ ကျောပိုးအိတ်လေးလို လိုက်ပါနေရပြီး ဆင်းရဲအတူ၊ ချမ်းသာမခွဲ၊ ဝါးတဲတန်းလျား၊ စစ်မြေပြင်ပါမကျန် တစ်ဦးနှင့်တစ်ဦး ချည်နှောင်တွယ်တာ လွယ်ပိုးခဲ့ရသူဖြစ်၍ ဇနီးသည်ကို စစ်သားတစ်ယောက်၏ ကျောပိုးအိတ်လေးဟု တင်စားဖွဲ့နွဲ့ကာ စာအုပ်နာမည်ပေးထားခြင်း ဖြစ်သည်။

စာရေးသူသည် တပ်မတော်သားဘဝတွင် ရဲဘော်မှ ဗိုလ်မှူးချုပ်အထိ ရာထူးအဆင့်ဆင့် တာဝန်ယူခဲ့ပြီး တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး၊ တိုင်းမှူး၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တာဝန်များ ထမ်းဆောင်ခဲ့ရပုံများကိုလည်း အတတ်နိုင်ဆုံး ပြည့်စုံမှန်ကန်အောင် ရေးသားထားသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ လွတ်လပ်ရေးရရှိပြီးသောင်းကျန်းမှု ချေမှုန်းရေးကာလများတွင် တပ်မတော်၌ ကျရာတာဝန်များကို စစ်ဆင်ရေး၊ လေ့ကျင့်ရေး၊ စီမံရေးများ မည်ကဲ့သို့ ထမ်းဆောင်ခဲ့ရသည်ကို မှတ်တမ်းတင်ရေးသားထားသည်။

စာအုပ်တွင် စာမျက်နှာ (၃၉၇) မျက်နှာပါဝင်ပြီး အခန်းပေါင်း ၄၈ ခန်း ပါဝင်ကာ မှတ်တမ်းဓာတ်ပုံများ ကျေးဇူးတင်လွှာ၊ ကျမ်းကိုးစာရင်းများနှင့် ပြည်စုံဝေဆာစွာ ရေးသားထားသည်။ တန်ဖိုးငွေကျပ် ၇၅၀၀ ဖြင့် ရန်ကုန်မြို့ အမှတ် (၅၂၃-၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ-၅၅) သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၆၄၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒေါက်တာမောင်မောင်ရေးသားသည့် "ပြည်သူ့ဝန်ထမ်းသားသမီးများသို့" စာအုပ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၁၄**

ပြန်ကြားရေး ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ဒေါက်တာမောင်မောင် ရေးသားသည့် **"ပြည်သူ့ဝန်ထမ်းသားသမီးများသို့"** စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်းစာအုပ်မှာ တတိယအကြိမ် ထုတ်ဝေခြင်း ဖြစ်သည်။ သားသမီးများ လုပ်ငန်းခွင်တွင်အမြင်၊ အတွေးအခေါ် မှန်ကန်ရန်၊ ဖွဲ့စွမ်းရည်ကောင်းရန် စေတနာဖြင့် စာရေးသူ၏ ကိုယ်တွေ့၊ စာတွေ့ လူကြီးသူမ ဆုံးမစကားတို့မှ ထုတ်နုတ်ဖော်ပြ ရေးသားထားသည့် စာအုပ်ဖြစ်သည်။

ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ် မေမြို့တက္ကသိုလ်တို့တွင် တက်ရောက်လေ့ကျင့်သင်ကြားခဲ့သည့် သားသမီးများ၏ အတွေ့အကြုံများနှင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်စဉ်ကာလ စာရေးသူတို့ တပ်မတော်သားများ၏ ကြိုးပမ်းစွန့်စားမှုစွမ်းရည် အတွေ့အကြုံများကို ပေါင်းစပ်ဖလှယ် ရေးသားထားသည်။




ယင်း အတွေ့အကြုံများအတွင်းရှိ စာရေးသူ၏ ဘဝပုံရိပ်အချို့နှင့် ခံယူချက်၊ စိတ်ထားစေတနာတို့ကိုဖြည့်စွက်ရေးသားသည့် တန်ဖိုးရှိ စာစုများလည်း ပါဝင်သည်။ ပြည်သူ့ဝန်ထမ်းတို့သည် စိတ်စေတနာမှန်ဖြင့် ပြည်သူကို အလုပ်အကျွေးပြုရန်၊ ပြည်သူကျွေးမွေးသော အစာအာဟာရကို မှီဝဲ၍ ပြည်သူ့ကျေးဇူးသစ္စာကို စောင့်သိရန်နှင့် စစ်သည်ကောင်း၊ ဝန်ထမ်းကောင်း ပီသရန် တိုက်တွန်း ရေးသားထားသည်။

သားစစ်သည်၊ သမီးစစ်သည်၊ နိုင်ငံ့ဝန်ထမ်းများသည် စစ်သည်တော် ကျင့်ဝတ်၊ ဝန်ထမ်းကျင့်ဝတ်တို့ နားလည်လိုက်နာကြရန်၊ တိုင်းပြည်နှင့်လူမျိုးအပေါ် ထာဝစဉ်သစ္စာထားရန်၊ စွန့်စားစွန့်လွှတ်သော စိတ်ထားရှိရန်၊ သူ့အကျိုး ကိုယ့်အကျိုး မျှတစွာဖြစ်ထွန်းစေအောင် တာဝန်ထမ်းဆောင်ကြရန် အတွက် စေတနာထား၍ လမ်းညွှန်သင်ပြ ရေးသားထားသည်။ ပြည်သူ့ဝန်ထမ်းတစ်ဦးစီတိုင်း ဖတ်ရှုလေ့လာသင့်သည့် စာအုပ်ဖြစ်သည်။

စာအုပ်တွင် စာမျက်နှာ ၁၇၆ မျက်နှာ ပါဝင်ပြီး ဆောင်းပါး ၂၃ ပုဒ် ပါဝင်သည်။ တန်ဖိုး ငွေကျပ် ၄၀၀၀ ဖြင့် ရန်ကုန်မြို့၊ အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# COVID–19 ရောဂါအတည်ပြု လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၄**

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် **“ကန့်သတ်စောင့်ကြည့်ရမည့်သူများကို နေရာဒေသအလိုက် ထားရှိနိုင်ရေးအတွက် တစ်နိုင်ငံလုံးရှိတပ်ရင်း/တပ်ဖွဲ့ အသီးသီး၌ပြင်ဆင်ဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း”** လမ်းညွှန်မှာကြားချက်နှင့်အညီ COVID–19 ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိသည်။



ထို့ပြင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၇၉ ဦးနှင့် အမျိုးသမီး ၅၁ ဦး စုစုပေါင်း ၁၃၀ အားလည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသားခြောက်ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၂၀ အား လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၆၈၅ ဦးနှင့် အမျိုးသမီး ၃၀၂ စုစုပေါင်း ၉၈၇ ဦးအား လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၆၈ ဦးနှင့် အမျိုးသမီး ၉၉ ဦး စုစုပေါင်း ၁၆၇ ဦးအား လည်းကောင်း အသီးသီးလက်ခံထားရှိကြောင်း သိရှိရသည်။

အထက်ပါစောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေ့ထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အဆိုပါစောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ရောဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ COVID-19 ရောဂါနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ခြင်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၄**

COVID–19 ရောဂါ တတိယလှိုင်း ဖြစ်ပွားလျက်ရှိပြီး ရောဂါကူးစက်ပြန့်ပွားမှုမှာ နေ့စဉ် မြင့်တက်လျက်ရှိသောကြောင့် ရောဂါကူးစက်မှုမခံရစေရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ရောဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဇူလိုင် ၁၃ ရက်နှင့် ယနေ့ညပိုင်းတို့တွင် အပြင်ထွက်တိုင်း Mask တပ်ရန်၊ လူစုလူဝေးများ ရှောင်ရှားရန်နှင့် မပြုလုပ်ရန်၊ လက်ကို ဆပ်ပြာနှင့် မကြာခဏ ဆေးကြောခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ကိုသန့်စင်ခြင်းများ ပြုလုပ်ကြရန်၊ မလိုအပ်ဘဲ အိမ်အပြင်သို့ သွားရောက်ခြင်းမပြုလုပ်ရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးပန်ကြားချက်များကို တိကျလိုက်နာရန် အသိပေးနှိုးဆော်မှုများကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြင်ဦးလွင်မြို့နယ်ရှိ မီးသတ်တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် COVID-19 ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၁၄**

Coronavirus Disease 2019(COVID–19) ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ သွားလာမှုကန့်သတ်ချက်များရှိလာသဖြင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စားရေးအဆင်ပြေစေရေးအတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များက စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ PPE ဝတ်စုံ ၁၀ စုံ၊ Mask အခု ၁၀၀၊ Surgical Mask အခု ၂၀၀ နှင့် လက်သန့်ဆေးရည်ဘူး ၃၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### ၁၄ -၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၈၀၇၈၅၃ | ၂၉၃၀၄၄၅၁ | ၆၂၃၄၄၀ |
| ၂။ | အိန္ဒိယ | ၃၀၉၄၆၀၇၄ | ၃၀၁၀၄၇၂၀ | ၄၁၁၄၃၉ |
| ၃။ | ဘရာဇီး | ၁၉၁၅၂၀၆၅ | ၁၇၇၇၀၆၁၇ | ၅၃၅၉၂၄ |
| ၄။ | ရုရှား | ၅၈၅၇၀၀၂ | ၅၂၅၇၄၈၃ | ၁၄၅၂၇၈ |
| ၅။ | ပြင်သစ် | ၅၈၂၀၈၄၉ | ၅၆၅၀၉၁၅ | ၁၁၁၄၀၇ |
| ၆။ | တူရကီ | ၅၄၉၃၂၄၄ | ၅၃၆၀၀၁၂ | ၅၀၃၂၄ |
| ၇။ | ဗြိတိန် | ၅၁၉၁၄၅၉ | ၄၃၆၈၁၂၆ | ၁၂၈၄၈၁ |
| ၈။ | အာဂျင်တီးနား | ၄၆၈၂၉၆၀ | ၄၃၁၄၅၉၃ | ၉၉၆၄၀ |
| ၉။ | ကိုလံဘီယာ | ၄၅၄၈၁၄၂ | ၄၂၉၉၉၃၁ | ၁၁၃၈၃၉ |
| ၁၀။ | အီတလီ | ၄၂၇၃၆၉၃ | ၄၁၀၅၃၃၆ | ၁၂၇၈၀၈ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၄ - ၇ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၆၇၀၀၄၆ | ၂၁၅၇၃၆၃ | ၆၉၂၁၀ |
| ဖိလစ်ပိုင် | ၁၄၈၅၄၅၇ | ၁၄၁၄၈၁၇ | ၂၆၂၃၂ |
| မလေးရှား | ၈၆၇၅၆၇ | ၇၅၉၇၀၅ | ၆၅၀၃ |
| ထိုင်း | ၃၆၃၀၂၉ | ၂၆၀၅၈၄ | ၂၉၃၄ |
| မြန်မာ | ၂၀၈၃၅၇ | ၁၅၁၄၄၂ | ၄၁၈၁ |
| ကမ္ဘောဒီးယား | ၆၃၆၁၅ | ၅၅၃၆၅ | ၉၈၆ |
| စင်ကာပူ | ၆၂၈၀၄ | ၆၂၄၅၃ | ၃၆ |
| ဗီယက်နမ် | ၃၅၄၀၉ | ၉၅၅၃ | ၁၃၂ |
| လာအို | ၂၉၇၆ | ၂၁၇၄ | ၃ |
| ဘရူနိုင်း | ၂၈၂ | ၂၅၆ | ၃ |

# အင်းလေးကန်အနီး ပတ်ဝန်းကျင်ရှိ တောင်ကုန်းတောင်တန်းများပေါ်သို့ တပ်မတော် ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချစိုက်ပျိုး



ကြဲချစိုက်ပျိုးမည့် မျိုးစေ့များကို တပ်မတော်ရဟတ်ယာဉ်ပေါ်သို့ တင်ဆောင်နေစဉ်။

နေပြည်တော် ဇူလိုင် ၁၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့ရှိ အင်းလေးကန် ရေရှည်တည်တံ့ခိုင်မြဲရေး၊ ရေဝေရေလဲ ဧရိယာများ ထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် အင်းလေးကန်အနီး ပတ်ဝန်းကျင်ရှိ တောင်ကုန်းတောင်တန်းများ ပေါ်သို့ ယနေ့ နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ တပ်မတော်ရဟတ်ယာဉ်ဖြင့် မျိုးစေ့ကြဲချစိုက်ပျိုးခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တာဝန်ရှိသူများက ကြဲချစိုက်ပျိုးမည့် မဲဇလီ၊ ထင်းရှူး၊ ကယ်ရီ ရားနား၊ ဘောစကိုင်း၊ မန်ကျည်း၊ ရေသင်းဝင်၊ မျောက်ငို၊ ပင်စိမ်း စသည့် သစ်စေ့မြေလုံး (Seed balls) စုစုပေါင်း အလုံး ၂၀၀၀၀၀ ကို တပ်မတော်ရဟတ်ယာဉ်ဖြင့် သယ်ဆောင်၍ အင်းလေးကန် အနီးပတ်ဝန်းကျင်ရှိ တောင်ကုန်း တောင်တန်းများပေါ်သို့ ကြဲချ စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ၂၀၂၁ ခုနှစ် နေပြည်တော်တွင် ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများအား ယာယီရပ်နားထား

နေပြည်တော် ဇူလိုင် ၁၄

၂၀၂၁ ခုနှစ် နေပြည်တော်တွင် ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစား ပြိုင်ပွဲများဖြစ်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ် U-21 (အမျိုးသား) ဘောလုံးပြိုင်ပွဲ ကို ဇွန် ၂၄ ရက်မှ ဇူလိုင် ၉ ရက်အထိ လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် U-25 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၁၁ ရက်အထိ လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲကို ဩဂုတ် ၂၆ ရက်မှ ၃၀ ရက်အထိ လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝူရှူးပြိုင်ပွဲကို စက်တင်ဘာ ၇ ရက်မှ ၉ ရက် အထိနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်ပြိုင်ပွဲအား စက်တင်ဘာ ၁၇ ရက်မှ ၂၇ ရက်အထိ ကျင်းပရန် စီစဉ်ထားရှိသည်။

အဆိုပါ အားကစားပြိုင်ပွဲများအနက်မှ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၂၁) နှစ်အောက် အမျိုးသား(ဘောလုံး) ပြိုင်ပွဲကို ဇွန် ၂၄ ရက်မှ ဇူလိုင် ၉ ရက်အထိ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သော်လည်း ကျန်ရှိသည့် အားကစားပြိုင်ပွဲများကို ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှု အခြေအနေများအရ ဒေသဖြတ်ကျော်သွားလာမှု အကန့်အသတ်များ ရှိနေပါ၍ ယခင်ကြေညာထားသည့် ရက်များအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများအား ဆက်လက်ကျင်းပနိုင်ခြင်း မရှိပါသဖြင့် ပွဲစဉ်များအား ယာယီရပ်ဆိုင်းထားခြင်း ဖြစ်ပါကြောင်းနှင့် ပြိုင်ပွဲများအား ကျင်းပနိုင်မည့် အခြေအနေပေါ်မူတည်၍ ပြောင်းလဲကျင်းပမည့် ပြိုင်ပွဲအစီအစဉ်များနှင့် နေ့ရက်တို့ကို ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အီတလီကလပ် ရိုးမားအသင်းက ဝုဖ်ဂိုးသမား ပက်ထရစ်စီယိုကို ခေါ်ယူ



ဝုဖ်အသင်းမှ ဂိုးသမား ပက်ထရီစီယို။

ပရီမီယာလိဂ်ကလပ် ဝုဖ်အသင်းမှ ဂိုးသမား ပက်ထရီစီယိုသည် စီးရီးအေကလပ် ရိုးမားအသင်းထံသို့ အပြီးသတ်ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၃၃ နှစ်အရွယ် ပက်ထရစ်စီယိုသည် ရိုးမားအသင်းထံသို့ ကနဦးပြောင်းရွှေ့ကြေး ပေါင် ၉ ဒသမ ၈သန်းနှင့်အတူ သုံးနှစ် စာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ဝုဖ်အသင်းကလည်း အဆိုပါ ဂိုးသမား၏ နေရာကို အိုလံပီယာကော့စ်အသင်းမှ ဂိုးသမား ဂျို့စ်ဆာဖြင့် အစားထိုးရန် ချိန်ရွယ်နေကြောင်း သိရသည်။ ပေါ်တူဂီ ဂိုးသမားဖြစ်သူ ပက်ထရစ်စီယိုသည် နည်းပြသစ် မော်ရင်ဟို ရိုးမားအသင်းကို တာဝန်ယူပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ခေါ်ယူသည့် ကစားသမားဖြစ်လာခဲ့သည်။ ပက်ထရစ်စီယိုသည် ရိုးမားအသင်းသို့ ပြောင်းရွှေ့ပြီးနောက် နည်းပြသစ် မော်ရင်နှင့် ပတ်သက်ပြီး "မော်ရင်ဟိုဟာ ကမ္ဘာမှာ အကောင်းဆုံးနည်းပြ တွေထဲက တစ်ဦးပါ၊ ဒါကြောင့် သူနဲ့တွဲပြီး အလုပ်လုပ်ရမှာ စိတ်လှုပ်ရှားပါတယ်" ဟု ပြောကြားသည်။

ပက်ထရစ်စီယိုသည် ၂၀၁၈ ခုနှစ်တွင် စပို့တင်းလစ္စဘွန်း အသင်းမှ ဝုဖ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၂၇ ပွဲအထိ ပါဝင်ကစားခွင့်ရရှိထားသည့် ဂိုးသမားတစ်ဦး ဖြစ်သည်။ ၎င်းသည် ပေါ်တူဂီအသင်းနှင့်အတူ ၂၀၁၆ ခုနှစ်တွင် ယူရိုဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီး ယခုနှစ် ယူရို ၂၀၂၀ ပြိုင်ပွဲတွင်လည်း ၁၆ သင်းအဆင့်သို့ ရောက်ရှိခဲ့သည်။

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် အသင်းမှ အကယ်ဒမီထွက် ကစားသမား တစ်ဦးဖြစ်သူ စမစ်ရိုဝီအား အက်စ်တွန်ဗီလာ အသင်း၏ ကမ်းလှမ်းမှုနှစ်ကြိမ်ကို ပယ်ချလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့အပြင် အဆိုပါ ကစားသမားသည် အာဆင်နယ်အသင်း၌ စာချုပ်သစ်နှင့်ပတ်သက်၍ ဆွေးနွေးလျက်ရှိပြီး အသင်းနည်းပြ အာတီတာက ရိုဝီအနေဖြင့် အသင်းတွင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း အခိုင်အမာပြောကြားလိုက်သည်။ ၎င်းသည် အာဆင်နယ်အသင်းနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ နှစ်နှစ်ကျန်ရှိနေသေးကြောင်း သိရသည်။

ချယ်ဆီးအသင်းသည် ဘာစီလိုနာအသင်းမှ ဂရစ်ဇ်မန်းကို အငှားဖြင့် ခေါ်ယူလိုနေကြောင်း သိရသည်။ ချယ်ဆီးအသင်းနည်းပြ တူချယ်သည် ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးပြီးနောက် ဂရစ်ဇ်မန်း၊ ဟာလန်း တို့အပါအဝင် နာမည်ကြီး ကစားသမားများကို ခေါ်ယူရန် ပစ်မှတ်ထားနေခြင်း ဖြစ်သည်။

အောင်ဇော်

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
ဂျာနယ်
ထွက်ရှိ

၁၅-၇-၂၀၂၁ ရက်နေ့ထုတ် အတွဲ(၁၈)၊ အမှတ်(၁၄)တွင်
- အထွက်နှုန်းသေချာ အကျိုးအမြတ်ရေရာ စကမြေပဲစိုက်ပါ
- အိမ်နောက်ဖေးဈေးဆိုင်တည် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည်
- ငှက်ပျောသီးအရည်အသွေးကောင်းအောင် အစာဖြင့်ထိန်းကွပ်ခြင်း
- အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သာယာလှပရေး ဝိုင်းဝန်းဆောင်ရွက်ကြရမည်
- ငါးရံ့မွေးမြူသင့်သည့် အကြောင်းရင်းများ
- ကျွဲမွေးမြူရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း
- မြင်းများတွင်ဖြစ်တတ်သော ဇောင်းရောဂါ
- မှတ်ဉာဏ်ထိခိုက်ချို့ယွင်းခြင်းနှင့် သတိမေ့လျော့ခြင်း
- နှလုံးသွေးကြောပိတ်ခြင်းမှ ကာကွယ်ပါ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။
တစ်စောင် (၂၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

# မြန်မာအသင်းယှဉ်ပြိုင်မည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ယခုနှစ်အတွင်း ကျင်းပခြင်းရှိ မရှိ ပြန်လည်အတည်ပြုမည်

ရန်ကုန် ဇူလိုင် ၁၄

မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ကျင်းပနိုင်ခြင်း ရှိ မရှိ အာဆီယံဘောလုံးအဖွဲ့ချုပ်က ပြန်လည်အတည်ပြုမည်ဖြစ်သည်။

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ပြိုင်ပွဲသက်တမ်း နှစ်ပေါင်း ၂၀ ကျော်ရှိသည့် ပြိုင်ပွဲလည်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ပုံမှန်အရ ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၂၀၂၀ နှစ်ကုန်ပိုင်းတွင် ကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားရခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အဆိုပါပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိကျင်းပရန် စီစဉ်ထားပြီး အုပ်စုမဲခွဲပွဲကို ဩဂုတ် ၁၀ ရက်တွင် ပြုလုပ်ရန် သတ်မှတ်ထားခြင်းဖြစ်သည်။ သို့သော် အရှေ့တောင်အာရှနိုင်ငံများတွင် ကပ်ရောဂါကူးစက်မှုနှုန်း မြင့်တက်နေသဖြင့် အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် သတ်မှတ်ထားသည့်ရက်အတိုင်း ကျင်းပနိုင်ခြင်း ရှိ မရှိ အဖွဲ့ဝင်နိုင်ငံများနှင့် ပြန်လည်ညှိနှိုင်းမည်ဖြစ်ပြီး ယခုလအတွင်း အတည်ပြုမည်ဖြစ်သည်။

ရဲရင့်လွင်

# ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ အာရှ-ပစိဖိတ်နိုင်ငံများ၌ ဆက်လက်ပျံ့နှံ့လျက်ရှိ

ဟောင်ကောင် ဇူလိုင် ၁၄

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် အာရှ-ပစိဖိတ်နိုင်ငံများတွင် ဆက်လက်ကူးစက်ပျံ့နှံ့လျက်ရှိချိန် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများ၌လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသေဆုံးသူများ စံချိန်တင်မြင့်တက်လျက်ရှိသည်။

### မလေးရှား

မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၆၁၈ ဦးရှိလာမှုနှင့်အတူ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၈၆၇၅၆၇ ဦး အထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၁၄ ရက်က ထုတ်ပြန်ကြေညာလိုက်သည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ၁၁၈ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၆၅၀၃ ဦး အထိရောက်ရှိလာခဲ့သည်။ ကိုဗစ်-၁၉ သန္ဓေပြောင်းမျိုးစိတ်သစ်ကူးစက်မှုတိုးနေသဖြင့် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုများ လာမည့်သီတင်းပတ်များအတွင်း ဆက်လက်မြင့်တက်လာမည်ဟု ခန့်မှန်းကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန်အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

### အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၄၅၁၇ ဦး ရှိလာခဲ့ပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂ ဒသမ ၇ သန်းအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၉၉၁ ဦးတိုးလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၆၉၂၁၀ အထိ ရှိလာခဲ့သည်။

### အိန္ဒိယ

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၈၇၉၂ ဦး တိုးလာသောကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၀၉၄၆၀၇၄ ဦး အထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးသတင်းထုတ်ပြန်ချက်များအရ သိရသည်။

ထို့အပြင် ၆၂၄ ဦး ကိုဗစ်-၁၉ ဖြင့် ထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၄၁၁၄၀၈ ဦးအထိ ရှိလာခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၄၂၉၉၄၆ ဦးရှိသောကြောင့် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၈၃၂ ဦး လျော့ကျလာခဲ့သည်။

### ဖိလစ်ပိုင်

ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၈၀၆ ဦး ရှိလာကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၄၈၅၄၅၇ ဦးရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၄၀ တိုးလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၆၂၃၂ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်သော သတင်းအချက်အလက်များအရ သိရသည်။

ဇူလိုင် ၁၃ ရက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် မေ ၂၃ ရက်မှစကာ အနည်းဆုံး ကူးစက်ဖြစ်ပွားမှုဖြစ်သည်။ ဓာတ်ခွဲခန်းခုနစ်ခန်းက အချက်အလက်များ မပေးပို့နိုင်ခဲ့ကြောင်း သိရသည်။

### သီရိလင်္ကာ

သီရိလင်္ကာနိုင်ငံတွင် ဇူလိုင် ၁၂ ရက်နေ့က ကိုဗစ်-၁၉ ကာကွယ်ဆေးအများဆုံး ထိုးပေးနိုင်ခဲ့ပြီး စုစုပေါင်းထိုးပေးနိုင်ခဲ့သူ ၂၃၂၅၂၆ ဦးအထိ ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ပြည်တွင်းသတင်းများတွင် ဖော်ပြသည်။

လွန်ခဲ့သောနှစ် မတ်လက ပထမဆုံး ကိုဗစ်-၁၉ လူနာစတင်တွေ့ရှိခဲ့ချိန်မှစကာ ယခုအချိန်အထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၂၇၆၁၀၆ ဦးအထိ ရှိလာခဲ့ပြီး သေဆုံးသူ ၃၅၃၃ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

### ပါကစ္စတန်

ပါကစ္စတန်နိုင်ငံတွင် ဇူလိုင် ၁၂ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၅၉၀ ရှိကြောင်း အမျိုးသားကြီးကြပ်ကွပ်ကဲရေးနှင့် စစ်ဆင်ရေးဌာနက ဇူလိုင် ၁၃ ရက်က ကြေညာခဲ့သည်။



အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ လူနာများကို ကုသပေးနေသည်ကို တွေ့ရစဉ်။

ပါကစ္စတန်နိုင်ငံတွင် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၇၆၈၆၇ ဦးအထိ ရှိလာပြီဖြစ်သည်။ ထို့အပြင် ကိုဗစ်-၁၉ အတည်ပြုကူးစက်ဖြစ်ပွားလျက်ရှိသူ ၃၉၆၄၄ ဦး ရှိပြီး ၂၁၈၁ ဦးမှာ စိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ပါကစ္စတန်နိုင်ငံတွင် ၂၁ ဦး ထပ်မံသေဆုံးခဲ့မှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၂၂၆၁၈ ဦးအထိ ရှိလာခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ကိုဗစ်-၁၉ ကာကွယ်ဆေး သန်းထက်ဝက်ကျော် ၅၂၅၀၀၀ ကို တစ်နေ့တည်းထိုးပေးခဲ့ကြောင်း အမျိုးသားထိန်းချုပ်ကွပ်ကဲမှုနှင့် စစ်ဆင်ရေးဌာန ခေါင်းဆောင် အာဆက်အူမာက ပြောကြားလိုက်သည်။

### တောင်ကိုရီးယား

တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၅၂ ဦး ရှိလာကြောင်း၊ အဆိုပါပမာဏမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ်ထိုးခံပြီးနောက် ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေး အာဏာပိုင်များက ပြောကြားလိုက်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၆၁၅ ဦး တိုးလာပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၇၁၉၁၁ ဦးအထိ ရှိလာခဲ့သည်။ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ခုနစ်ရက်ဆက်တိုက် ၁၀၀၀ အထက် ရှိခဲ့သည်။

### ကမ္ဘောဒီးယား

ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် စုစုပေါင်းသေဆုံးသည့်ပမာဏ ၁ ဒသမ ၂၀ ရာခိုင်နှုန်းရှိခဲ့သည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆန်ဒက်တက်ချိုဟွန်ဆန်က နိုင်ငံအတွင်းရှိ လူဦးရေငါးသန်းခန့် အနည်းဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ် ထိုးပြီးပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ဇူလိုင် ၁၄ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၁၅ ဦး ရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၆၃၆၁၅ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ၃၃ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၉၈၆ ဦး ရှိလာခဲ့သည်။

ဆင်ဟွာ

# ကိုဗစ်-၁၉ အလုံပိတ်ကန့်သတ်ပိတ်ဆို့မှုကြောင့် ထိခိုက်နေသော ဝင်ငွေနည်းမိသားစုများကို ကူညီရန် တာကာငွေ ၃၂ ဘီလီယံတန်ဖိုးရှိ ကယ်ဆယ်ရေးအစီအစဉ်ငါးခုကို ဘင်္ဂလားဒေ့ရှ်အစိုးရ ကြေညာ

ဒါကာ ဇူလိုင် ၁၄

**ကိုဗစ်-၁၉ ကပ်ရောဂါအလုံပိတ်ကန့်သတ်ပိတ်ဆို့မှုများကြောင့် ထိခိုက်နေသော ဝင်ငွေနည်းမိသားစုများကို ကူညီရန် ဘင်္ဂလားဒေ့ရှ်အစိုးရသည် တာကာငွေ ၃၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၇၂ သန်း) တန်ဖိုးရှိ ကယ်ဆယ်ရေးအစီအစဉ်ငါးခုကို ကြေညာလိုက်သည်။**



အစိုးရဖွင့်လှစ်သော ဈေးနှုန်းသင့်ရွှေ့လျားကုန်စုံဆိုင်တွင်အလုပ်သမားတစ်ဦး အစားအစာများကို ထုပ်ပိုးနေစဉ်။

ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက ဇူလိုင် ၁၃ ရက်က အဆိုပါအစီအစဉ်ကို ကြေညာခဲ့သည်။ ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်လိုက်သော ကြေညာချက်အရ နေ့စားသမားများ၊ သယ်ယူပို့ဆောင်ရေးလုပ်သားများ၊ အသေးစားကုန်သည်လေးများ၊ ရေကြောင်းပို့ဆောင်ရေးလုပ်သားများ အပါအဝင် ကိုဗစ်-၁၉ ကန့်သတ်ပိတ်ဆို့မှုကြောင့် အကြီးအကျယ်ထိခိုက် ခံစားခဲ့ရသူများကို ထောက်ပံ့ပေးသွားမည်ဖြစ်သလို သေဆုံးသူများ အတွက်လည်း ထောက်ပံ့ ပေးသွားမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ဟန့်တားရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဇူလိုင် ၁ ရက်မှစပြီး ကိုဗစ်-၁၉ တစ်ပတ်ကြာ အလုံပိတ်ကန့်သတ်ပိတ်ဆို့မှုကို ပြုလုပ်ခဲ့ပြီးနောက်ပိုင်းမှာ ဇူလိုင် ၁၄ ရက်အထိ ထပ်မံတိုးမြှင့်လိုက်ပြီး ထုတ်ပြန်ချက်ကို လိုက်နာစေရန် တပ်ဖွဲ့ဝင်များသည် အရပ်ဘက်အဖွဲ့အစည်းများနှင့်အတူ ဖြန့်ကြက်စောင့်ကြည့်လျက်ရှိသည်။

**တစ်ပတ်ကြာ ဖြေလျှော့ပေးမည်**

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တိုးနေသော်လည်း ဘင်္ဂလားဒေ့ရှ်အစိုးရသည် တင်းကျပ်သည့် အလုံပိတ်ကန့်သတ်ပိတ်ဆို့မှုကို ဘာသာရေးပွဲတော် ကျင်းပနိုင်ရန်အတွက် ဇူလိုင် ၁၅ ရက်မှစကာ တစ်ပတ်ကြာ ဖြေလျှော့ပေးသွားမည်ဖြစ်သည်။

**သေဆုံးသူ ၁၆၈၄၂ ဦး ရှိလာ**

ဇူလိုင် ၁၃ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံ ကူးစက်ဖြစ်ပွားသူ ၁၂၁၉၈ ဦး တိုးလာပြီး ၂၀၃ ဦး ထပ်မံသေဆုံးခဲ့သောကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၄၇၁၅၅ ဦး ရှိလာခဲ့ပြီး သေဆုံးသူ ၁၆၈၄၂ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ဆောင်မှု ညွှန်ကြားရေးမှူးချုပ်ရုံးက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ဆင်ဟွာ

# COVID – 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၇၀၈၃ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၁၄၅ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၄၁၈၁ ဦး ရှိ

**(၁၄-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၃-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၁,၃၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၇,၀၈၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၉၁၄,၂၈၄) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၂၀၈,၃၅၇) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၆၇၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၅၁,၄၄၂) ဦး ဆေးရုံမှ ဆင်းခွင့် ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၄၅) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၄,၁၈၁) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၄-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**


| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
| --- | --- | --- |
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၉၇၉) ခု | (၄၅၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၉) ခု | (၁၈) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၁၃) ခု | (၂၈၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၆၉၁) ခု | (၄၂၀) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၇၀) ခု | (၅၀) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၂၃) ခု | (၁၉၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၃၃၉) ခု | (၁,၂၅၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၇၃၈) ခု | (၄,၄၀၂) ဦး |
| စုစုပေါင်း | (၂၁,၃၅၂) ခု | (၇,၀၈၃) ဦး |

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- **နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊**
- **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။**
- **COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## Covid-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများနှင့် Covid-19 ရောဂါ သံသယလက္ခဏာရှိသူများအား ကျန်းမာရေးစောင့်ရှောက်ခံယူနိုင်ရန် စီစဉ်ထားရှိမှုပုံစံ




* လူနာ၏ ရောဂါလက္ခဏာအပေါ်မူတည်၍ တက်ရောက်ကုသမှုခံယူရမည့်နေရာအား ဆုံးဖြတ်ပါမည်။

## COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများနှင့် COVID-19 ရောဂါ သံသယရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရန် စီစဉ်ထားရှိမှုပုံစံအား ရှင်းလင်းချက်

၁။ COVID-19 ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူ (သို့မဟုတ်) ထိတွေ့ခဲ့သည်ဟု သံသယရှိသူများနှင့် COVID-19 ရောဂါ သံသယလက္ခဏာခံစားနေရသူများအနေဖြင့် ရှေးဦးစွာ မိမိတို့၏ သက်ဆိုင်ရာမြို့နယ်များရှိ ဒေသန္တရကျန်းမာရေးဌာန (သို့မဟုတ်) မြို့နယ်ဆေးရုံများသို့ သွားရောက်၍ သတင်းပေးပို့ရပါမည်။

၂။ ထို့နောက် မြို့နယ်ဒေသန္တရ (သို့မဟုတ်) ပြည်သူ့ဆေးရုံများ၊ ဓာတ်ခွဲစစ်ဆေးရေးစင်တာများနှင့် ပုဂ္ဂလိကဓာတ်ခွဲစစ်ဆေးရေးဆေးခန်းများ၌ ဓာတ်ခွဲစစ်ဆေးမှုများအား ဆက်လက်ဆောင်ရွက်သွားပါမည်။

၃။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနေဖြင့် မိမိတို့၏ မြို့နယ်/ တိုင်းဒေသကြီး/ ပြည်နယ် ကျန်းမာရေးကော်မတီသို့ ပြန်လည်သတင်းပေးပို့ရမည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် ပြည်သူ့ဆေးရုံများသို့ လူနာတက်ရောက်ကုသမှုခံယူနိုင်ရေး စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများ၊ COVID-19 ရောဂါ ကုသရေးစင်တာများသို့ ပို့ဆောင်ပေးသွားမည် ဖြစ်ပါသည်။

၄။ သို့ရာတွင် COVID-19 ရောဂါ ပြင်းထန်လက္ခဏာရှိသူများနှင့် အရေးပေါ်လူနာများအနေဖြင့် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများနှင့် COVID-19 ရောဂါ ကုသရေးစင်တာများသို့ တိုက်ရိုက် သွားရောက်၍ ကုသမှုခံယူနိုင်မည်ဖြစ်ပါသည်။

၅။ ပြည်သူ့ဆေးရုံများနှင့် COVID-19 ရောဂါ ကုသရေးစင်တာများအနေဖြင့် အရေးပေါ်လူနာ တက်ရောက်ကုသမှုအား ပြည်သူ့ဆေးရုံများသို့ လူနာတက်ရောက်ကုသမှုခံယူနိုင်ရေး စီမံခန့်ခွဲမှု ကော်မတီသို့ ဆက်လက်သတင်းပေးပို့သွားရမည် ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုမဖြစ်ပေါ်စေရေး တစ်ဦးချင်းမဖြစ်မနေ လိုက်နာဆောင်ရွက်ရမည့် အချက်များ

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ တပ်ဆင်ထားပါ။
(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ။
(၃) လူစုလူဝေးရှောင်ပါ။
(၄) လက်ကို စက္ကန့်(၂၀)ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ။
(၅) လေဝင်လေထွက်မကောင်းသောအခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ကြဉ်ပါ။

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ကိုရိုနာဗိုင်းရပ်စ် (COVID – 19) ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ

ကိုရိုနာဗိုင်းရပ်စ် (COVID–19)ရောဂါဖြစ်ပွားလျှင် ရောဂါပြင်းထန်သည့်လူနာ (၂၀%) ခန့်သည် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူရန်လိုအပ်ပြီး အဆိုပါ (၂၀%)တွင် (၅%) ခန့်သည် အထူးကြပ်မတ်ကုသမှုခံယူရပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

**နောက်ဆက်တွဲ ရေရှည်ဆိုးကျိုးများအနေဖြင့် –**

- နှလုံးကြွက်သားများထိခိုက်ပျက်စီးပြီး နှလုံးကောင်းစွာအလုပ်မလုပ်နိုင်တော့ခြင်းနှင့် အခြားနှလုံးရောဂါများ ခံစားလာရနိုင်ခြင်း၊
- အဆုတ်အတွင်းရှိ လေအိတ်ငယ်များကိုပျက်စီးစေပြီး အဆုတ်တွင် အမာရွတ်များကျန်ခဲ့၍ နောက်ဆက်တွဲ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြင်း၊
- ဦးနှောက်နှင့်အာရုံကြောရောဂါများဖြစ်သော လေဖြတ်ရောဂါ၊ အတက်ရောဂါ၊ ယာယီအကြောသေရောဂါ(Guillain–Barre syndrome) များ ဖြစ်ပွားခြင်းနှင့် ပါကင်စန်ရောဂါ (Parkinson )နှင့် အယ်ဇိုင်းမား (Alzheimer) ရောဂါများ ဖြစ်ပွားနိုင်ခြေမြင့်တက်ခြင်း၊
- ခန္ဓာကိုယ်ရှိ သွေးကြောများအတွင်း သွေးခဲခြင်းများဖြစ်ပေါ်၍ ဦးနှောက်သွေးခဲခြင်း၊ နှလုံးသွေးကြောများပိတ်ခြင်း၊ ခြေထောက်သွေးပြန်ကြောများပိတ်ခြင်း (Deep Vein Thrombosis) တို့အပြင် အသည်းနှင့်ကျောက်ကပ်ရောဂါများ ဖြစ်ပွားခြင်း၊
- ရောဂါများပြန်လည်သက်သာလာသော်လည်း အထူးကြပ်မတ်ကုသဆောင်တွင် ကာလရှည်ကြာ ကုသမှုခံယူခဲ့ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်စိတ်များခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။
- သက်ကြီးဘိုးဘွားများနှင့် နာတာရှည်ရောဂါရှိသူများတွင် အလွန်အမင်းမောပန်းခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း စသည့်ရောဂါလက္ခဏာများကို ပိုမိုပြင်းထန်စွာ ကာလရှည်ကြာ ခံစားရနိုင်ပါသည်။

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ၊
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ကိုဗစ်–၁၉ ရောဂါ၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို စနစ်တကျတပ်ဆင်၍ ကာကွယ်ပါ

✓ ကိုဗစ်–၁၉ ရောဂါကို–


(၁) မိမိကိုယ်တိုင် ကူးစက်မခံရစေရန်၊

(၂) မိသားစုကို မကူးစက်စေရန်၊

(၃) မိမိပတ်ဝန်းကျင်ရှိအခြားသူများထံ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရန် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်၍ ကာကွယ်ရပါမည်။

✓ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျ တပ်ဆင်ခြင်းသည် အလွန် ထိရောက်သော ကိုဗစ်–၁၉ရောဂါ ကာကွယ်ရေးနည်းလမ်းဖြစ်၍ ရောဂါဖြစ် ပွားမှုကွင်းဆက်ကို ထိရောက်စွာဖြတ်တောက်နိုင်ပါသည်။








# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများ ဇူလိုင် ၁၂ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*(ယမန်နေ့မှအဆက်)*

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲအမှတ်စဉ်(၇/၂၀၂၁)သို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် သတင်းမီဒီယာသမားအားလုံးကို မင်္ဂလာပါဟု ဦးစွာနှုတ်ခွန်းဆက်ပါကြောင်း၊ မိမိအနေဖြင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း၊ ရှင်းလင်းတင်ပြမည့် အကြောင်းအရာများမှာ မဲဆန္ဒရှင်စာရင်းများ စိစစ်ထုတ်ပြန်ပြီးစီးမှု အခြေအနေ၊ ဆန္ဒမဲလက်မှတ်များ မြေပြင်ကွင်းဆင်းစစ်ဆေးထုတ်ပြန်ပြီးစီးမှုအခြေအနေနှင့် တွေ့ရှိရသည့် ဥပဒေနှင့် ညီညွတ်မှုမရှိသော ဆောင်ရွက်ချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း။

မဲဆန္ဒရှင်စာရင်းများ စိစစ်ထုတ်ပြန်ပြီးစီးမှုအခြေအနေကို ဦးစွာတင်ပြမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကအသုံးပြုခဲ့သည့် နောက်ဆုံးမဲစာရင်း Soft copy များကို ရယူစိစစ်ထုတ်ပြန်လျက်ရှိရာ ယခုအခါ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်အားလုံးအတွက် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်စာရင်း စိစစ်တွေ့ရှိချက်စာရင်းချုပ်အရ တိုင်းဒေသကြီး/ပြည်နယ်အားလုံးရှိ မြို့နယ်ပေါင်း ၃၁၅ မြို့နယ်၊ မဲရုံပေါင်း ၃၉၉၆၃ ရုံကို စိစစ်ခဲ့ရာတွင် မြို့နယ်ကော်မရှင်စာရင်းအရ မဲဆန္ဒရှင် ၃၈၂၇၁၄၄၇ (သုံးဆယ့်ရှစ်သန်းနှစ်သိန်းခုနစ်သောင်း တစ်ထောင်လေးရာလေးဆယ့်ခုနစ်) ဦး ဖြစ်သော်လည်း လဝကစာရင်းအရ ၃၁၇၇၅၃၃၀ (သုံးဆယ့်တစ်သန်း ခုနစ်သိန်းခုနစ်သောင်းငါးထောင်သုံးရာ့သုံးဆယ်) ဦးသာ ရှိပြီး ၆၄၉၆၁၁၇ (ခြောက်သန်း လေးသိန်းကိုးသောင်းခြောက်ထောင် တစ်ရာတစ်ဆယ့် ခုနစ်) ဦး ကွာခြားမှုရှိကြောင်း။






ကချင်ပြည်နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ။

နိုင်ငံသားစိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူ ၄၈၆၉၄၂၇ (လေးသန်းရှစ်သိန်း ခြောက်သောင်းကိုးထောင်လေးရာ နှစ်ဆယ့်ခုနစ်) ဦး၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း သုံးကြိမ်နှင့်အထက် ပါဝင်နေသူ ၂၉၅၄၀၅ (နှစ်သိန်းကိုးသောင်း ငါးထောင်လေးရာ့ငါး)ဦး၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း နှစ်ကြိမ် ပါဝင်နေသူ ၃၅၉၆၂၀၆ (သုံးသန်းငါးသိန်းကိုးသောင်းခြောက်ထောင်နှစ်ရာ့ခြောက်) ဦး တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူနှင့် မဲစာရင်းထပ်နေသူ စုစုပေါင်း ၈၇၆၁၀၃၈ (ရှစ်သန်း ခုနစ်သိန်းခြောက်သောင်း တစ်ထောင် သုံးဆယ့်ရှစ်) ဦးဖြစ်ကြောင်း စိစစ်တွေ့ရှိရကြောင်း၊ အထက်ပါစာရင်းများမှာ မြို့နယ်တစ်ခုချင်းအလိုက် စာရင်းများသာဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ်များကို Cross Check ပြုလုပ်ခြင်းအရ ထပ်နေသည့် မဲဆန္ဒရှင်စာရင်း ၁၀၉၁၇၇၆ (တစ်သန်းကိုးသောင်းတစ်ထောင်ခုနစ်ရာ ခုနစ်ဆယ့်ခြောက်) ဦး၊ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုနှင့်တစ်ခုအကြား Cross Check ပြုလုပ်ခြင်းအရ ထပ်နေသည့်မဲဆန္ဒရှင်စာရင်း ၁၄၁၇၅၉၈ (တစ်သန်းလေးသိန်းတစ်သောင်း ခုနစ်ထောင် ငါးရာကိုးဆယ့်ရှစ်) ဦးဖြစ်၍ Cross Check ပြုလုပ်ခြင်းအရ ထပ်နေသည့် မဲဆန္ဒရှင်စုစုပေါင်း ၂၅၀၉၃၇၄ (နှစ်သန်းငါးသိန်းကိုးထောင်သုံးရာ ခုနစ်ဆယ့်လေး) ဦး စိစစ်တွေ့ရှိရပါကြောင်း။

ထို့ပြင် အသက် ၁၈ နှစ်အောက် မဲစာရင်းတွင် ပါဝင်နေသူ ၁၄၄၁၂ (တစ်သောင်း လေးထောင်လေးရာ တစ်ဆယ့်နှစ်) ဦး၊ အသက် ၁၀၀ အထက် မဲစာရင်းတွင် ပါဝင်နေသူ ၂၀၅၆၆ (နှစ်သောင်းငါးရာ ခြောက်ဆယ့်ခြောက်)ဦး ဖြစ်ကြောင်း တွေ့ရှိရသဖြင့် မဲမသမာမှုဖြစ်နိုင်သော မဲဆန္ဒရှင်စာရင်း စုစုပေါင်း ၁၁၃၀၅၃၉၀ (တစ်ဆယ့်တစ်သန်း သုံးသိန်းငါးထောင်သုံးရာ့ကိုးဆယ်) ဦး ရာခိုင်နှုန်းအားဖြင့် မဲဆန္ဒရှင် ၏ ၂၉ ဒသမ ၅၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ စိစစ်သည့် အခြေခံမဲဆန္ဒရှင်စာရင်း ကွာခြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စိစစ်တွေ့ရှိချက်က တပ်မတော်က ထုတ်ပြန်ခဲ့သည့် မဲမသမာမှုပြုနိုင်၊ ဖြစ်နိုင်သည့် အရေအတွက် ၁၀၄၈၂၁၁၆ (တစ်ဆယ်သန်းလေးသိန်း ရှစ်သောင်းနှစ်ထောင် တစ်ရာ တစ်ဆယ့်ခြောက်) ဦး ရာခိုင်နှုန်းအားဖြင့် ၂၈ ဒသမ ၁၇ ရာခိုင်နှုန်းထက် ၈၂၃၂၇၄ (ရှစ်သိန်းနှစ်သောင်းသုံးထောင် နှစ်ရာခုနစ်ဆယ့်လေး)ဦး ပိုမိုများပြားစွာ စိစစ်တွေ့ရှိရပါကြောင်း။

ယခုဆက်လက်ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သော ဆန္ဒမဲလက်မှတ်များကို မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ထုတ်ပြန်ပြီးစီးမှုအခြေအနေကို တင်ပြသွားမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်မှ စတင်၍ စစ်ဆေးထုတ်ပြန်လျက်ရှိရာ ဇူလိုင်လ ၅ ရက်တွင် မြို့နယ်အားလုံးဖြစ်သည့် ၃၁၅ မြို့နယ်အတွက် ထုတ်ပြန်ပြီးစီးပြီးဖြစ်ကြောင်း၊ မဲရုံ ၃၉၉၆၃ ရုံ၏ ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ ဝန်ထမ်းများပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် စနစ်တကျဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ဆေးမှုစာရင်းချုပ်အရ ထုတ်ယူရရှိသည့် မဲလက်မှတ်ပေါင်း ၄၃၀၀၄၃၈၂ (လေးဆယ့်သုံးသန်း လေးထောင် သုံးရာရှစ်ဆယ့်နှစ်)၊ အသုံးပြု ၂၇၀၉၈၀၅၈ (နှစ်ဆယ့်ခုနစ်သန်း ကိုးသောင်း ရှစ်ထောင်ငါးဆယ့်ရှစ်)ဖြစ်၍ ကျန်ရမည့် မဲလက်မှတ် ၁၅၉၀၆၃၂၄ (တစ်ဆယ့်ငါးသန်းကိုးသိန်း ခြောက်ထောင်သုံးရာ နှစ်ဆယ့်လေး) ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၄၉၂၀၇၈၃ (တစ်ဆယ့်လေးသန်းကိုးသိန်းနှစ်သောင်းခုနစ်ရာ ရှစ်ဆယ့်သုံး) ဖြစ်ပြီး ကွာခြားချက်အနေဖြင့် ပျောက်ဆုံး ၁၄၂၄၃၉၁ (တစ်သန်းလေးသိန်းနှစ်သောင်း လေးထောင်သုံးရာကိုးဆယ့်တစ်) နှင့် အပို ၄၃၈၈၅၀ (လေးသိန်းသုံးသောင်း ရှစ်ထောင် ရှစ်ရာ့ငါးဆယ်) ဖြစ်ပေါ်လျက်ရှိကြောင်း၊ ၎င်းမဲလက်မှတ်များသည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ခြင်းမရှိဘဲ မဲမသမာမှုများဖြစ်ပေါ်စေခြင်းကို တွေ့ရကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မြို့နယ်အသီးသီးသို့ သွားရောက်၍ မြေပြင်ကွင်းဆင်းစစ်ဆေးပြီးနောက် စစ်ဆေးတွေ့ရှိချက်များကို တစ်မြို့နယ်ချင်းအလိုက် လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ချုပ်အနေဖြင့် လည်းကောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ကြောင်း၊ ယခုအခါ မြို့နယ် ၃၁၅ မြို့နယ်အားလုံးထုတ်ပြန်ပြီးဖြစ်၍ တိုင်းဒေသကြီး/ ပြည်နယ်ချုပ် အားလုံးကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ယခင်သတင်းစာရှင်းလင်းပွဲများတွင် တိုင်းဒေသကြီး/ ပြည်နယ် ၁၂ ခု၏တွေ့ရှိချက်များကို ကောက်နုတ်တင်ပြပြီး ဖြစ်ကြောင်း၊ ယနေ့တွင် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်ချုပ် ထုတ်ပြန်ချက်များအရ တွေ့ရှိချက်အချို့ကို ကောက်နုတ်တင်ပြမည်ဖြစ်ကြောင်း-

(က) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆ (က)အရ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် ပြည့်ပြီး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသာ မဲစာရင်းတွင် ပါဝင်ခွင့်ရှိသော်လည်း မဲစာရင်းစိစစ်ချက်များအရ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်သူများ၊ ၂ ကြိမ်/ ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများစွာ တွေ့ရှိရသဖြင့် မဲစာရင်းကောက်ယူရာတွင် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများ တွေ့ရှိရကြောင်း။

(ခ) မြို့နယ်အသီးသီးရှိ မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်း ပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရှိနေခြင်းတို့ကို တွေ့ရှိရပြီး မဲရုံများသို့ မဲလက်မှတ်များကို သတ်မှတ်အရေအတွက်ဖြင့် ထုတ်ပေးခြင်းဖြစ်၍ အပိုတွေ့ရှိမှုများနှင့် မဲလက်မှတ် ပျောက်ဆုံးခြင်းများသည် တရားမဝင်ဆောင်ရွက်မှုများ စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း။

(ဂ) ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို အကြောင်းပြု၍ ကြိုတင်မဲပေးသူ ကချင်ပြည်နယ်တွင် ၂၁ ဒသမ ၅၃ ရာခိုင်နှုန်း၊ ကရင်ပြည်နယ်တွင် ၂၈ ဒသမ ၀၇ ရာခိုင်နှုန်းအထိ ရှိသဖြင့် ယခင်ရွေးကောက်ပွဲများထက် လွန်စွာများပြား၍ ဥပဒေနှင့်မညီသော ကြိုတင်မဲကောက်ခံမှုများကို စိစစ်တွေ့ရှိရကြောင်း။

(ဃ) အသက် ၁၈ နှစ်မပြည့်သူများကို မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် အစုလိုက်အပြုံလိုက်ပါဝင်ပြီး မဲဆန္ဒရှင် သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်းကို စိစစ်တွေ့ရှိ ရကြောင်း။

(င) ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာ အမည်၊ လက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားမှုများကို စိစစ်တွေ့ရှိရကြောင်း။

(စ) အချို့မဲရုံများ၏ မဲဆန္ဒရှင်စာရင်းပုံစံ(၁)များတွင် မဲဆန္ဒရှင်လက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ ရေးထိုးရိုက်နှိပ်ခြင်း မရှိဘဲ ဆန္ဒမဲပေးခွင့်ပြုထားခြင်း၊ မဲဆန္ဒရှင်စာရင်းပုံစံ (၁) ၏ စာမျက်နှာတိုင်းတွင် ရပ်ကွက်/ကျေးရွာ အုပ်စု ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများက လက်မှတ်ရေးထိုးခြင်း မရှိသည်ကို စိစစ်တွေ့ရှိရကြောင်း။

(ဆ) ရပ်ကွက် /ကျေးရွာ အုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ကောက်ခံရာတွင် ကြိုတင်ဆန္ဒမဲလက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန် ပျက်ကွက်ခဲ့ခြင်းကို စိစစ်တွေ့ရှိရကြောင်း။

*စာမျက်နှာ ၁၇ သို့*

**ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲများကအသုံးပြုခဲ့သည့် နောက်ဆုံးမဲစာရင်း Soft copy များကို ရယူစိစစ် ထုတ်ပြန်လျက်ရှိရာ ယခုအခါ ရွေးကောက်ပွဲ ကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ် အားလုံးအတွက် ထုတ်ပြန်ခဲ့ပြီး ဖြစ်**

**❑ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းအရေအတွက် များစွာ မှားယွင်းမှုများ ဖြစ်ပေါ်ရခြင်းသည် မတော်တဆဖြစ်ပေါ်ခဲ့သော မှားယွင်းမှုမျိုး မဟုတ်ဘဲ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းကြောင့်သာဖြစ်ကြောင်း၊ ထို့အပြင် မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်း စသည့်ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှုအဆင့်ဆင့်တွင် ဝင်ရောက်စွက်ဖက် မလျော်သြဇာအသုံးပြု၍ မသမာမှုများဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရ**

*စာမျက်နှာ ၁၆ မှ*

(ဇ) ကြိုတင်မဲများ ကောက်ခံရာတွင်လည်း ဥပဒေနှင့် ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းများကို စိစစ်တွေ့ရှိရကြောင်း။

(ဈ) ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့်ညီညွတ်မှု မရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးခြင်းများကို စိစစ်တွေ့ရှိရကြောင်း။

(ည) ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ရမ်ပူရပ်ကွက်တွင် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခြင်းမရှိဘဲ မဲဆန္ဒရှင်စာရင်းပုံစံ (၁)စာအုပ်များတွင် ထပ်တိုးမဲဆန္ဒရှင်များကို လက်ရေးဖြင့်လည်းကောင်း၊ ကွန်ပျူတာစာစီ၍ လည်းကောင်း ဖြည့်သွင်းခြင်း၊ အဆိုပါ တရားမဝင် ဖြည့်သွင်းခဲ့သည့် မဲဆန္ဒရှင်များအတွက် ဆန္ဒမဲလက်မှတ်များကို ခိုးယူ၍ ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်ခြင်း၊ ပိုသည့် မဲလက်မှတ်စာအုပ်အား မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သဖြင့် အရေးယူဆောင်ရွက်ခဲ့ရကြောင်း။

အထက်ပါတင်ပြချက်များနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အထောက်အထားများကို Power Point ဖြင့်လည်းကောင်း၊ ဘုတ်များတွင် ကပ်ထား၍ လည်းကောင်း ဖော်ပြထားပါကြောင်း၊ ဆက်လက်ပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီအနေဖြင့် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ညီညွတ်မှုမရှိသည့် အောက်ပါဆောင်ရွက်မှုများကို ကောက်နုတ်တင်ပြသွားမည် ဖြစ်ပါကြောင်း-

(က) ဖားကန့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း (ဖားကန့်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) ဦးတင်စိုးအနေဖြင့် ဖားကန့်မြို့နယ်အတွင်း ရောက်ရှိနေထိုင်လျက်ရှိသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီပြည့်စုံမှု မရှိသည့် ရွှေ့ပြောင်းလုပ်သားများ၊ ရေမဆေးကျောက်ကောက်သူများအား မဲစာရင်းတွင် ထည့်သွင်းပေးရေး ဖိအားပေးဆောင်ရွက်ခဲ့သဖြင့် နိုင်ငံသားကတ်ပြနိုင်သည့် လျှောက်ထားသူများအား မဲစာရင်းတွင် ထည့်သွင်းပေးခဲ့ရခြင်း၊ ဦးတင်စိုး ဦးဆောင်၍ Stay at Home သတ်မှတ်ထားသည့် ကာလအတွင်း လှည့်လည်မဲဆွယ်စည်းရုံးခြင်းများ ဆောင်ရွက်မှုများကို တွေ့ရှိရကြောင်း။

(ခ) အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီမှ ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၆) ကိုယ်စားလှယ်လောင်း ဒေါက်တာခင်မကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မိုးကောင်းမြို့နယ်အတွင်း မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြချက်အပေါ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ထည့်သွင်းညွှန်ကြား၍ ခွင့်ပြုခဲ့သော်လည်း စတင်ထွက်ခွာသည့် အချိန်တွင် သတ်မှတ်အင်အား ၅၀ ဦး (ဝန်းရံသူများ မပါ) ထက် ကျော်လွန်နေသဖြင့် စာဖြင့် သတိပေးဆောင်ရွက်ခဲ့ရကြောင်း။

(ဂ) အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီမှ ကချင်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဖြစ်သူ ဦးနေဝင်းသည် မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာအုပ်စုသို့ သွားရောက်၍ အစိုးရအဖွဲ့ ကိုယ်စားထောက်ပံ့ကြေးများ ထုတ်ပေးခဲ့ရာတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးအောင်ဆန်းထူးမှ အဆိုပါဝန်ကြီး၏ ရှေ့မှောက်၌ ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရလက်ထက်မှသာ ဤကဲ့သို့ထောက်ပံ့ကြေးရရှိခြင်းဖြစ်ကြောင်း၊ ပါတီ၏ ကျေးဇူးကိုတုံ့ပြန်သောအားဖြင့် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကိုသာ မဲပေးခြင်းဖြင့် ကျေးဇူးဆပ်သင့်ကြောင်း" ပြောကြားခြင်းဖြင့် မဲဆွယ်စည်းရုံးခွင့်ရှိသည့်ကိစ္စတွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူးတစ်ဦးအနေဖြင့် မဲဆွယ်စည်းရုံးပေးခဲ့ကြောင်း။

(ဃ) အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီမှ ကချင်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနေဝင်းသည် ပါတီဝင်တစ်ဦးဖြစ်သော မြစ်ကြီးနားမြို့နယ် ရမ်ပူရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်မှတစ်ဆင့် ရပ်/ကျေး စာရေးအား ဥပဒေနှင့်မညီသော မဲဆန္ဒရှင်များ မဲစာရင်းတွင် ပါရှိအောင် အကျပ်ကိုင် စေခိုင်းသဖြင့် ရပ်/ကျေး စာရေး ဦးဟန်ဇင်ဦးသည် ၎င်း၏ အစီအစဉ်ဖြင့် နောက်ဆက်တွဲ မဲစာရင်းများအား ကွန်ပျူတာစာစီ၍ လည်းကောင်း၊ လက်ရေးဖြင့်လည်းကောင်း ဖြည့်သွင်း၍ မဲစာရင်းအား တရားမဝင်တိုးခဲ့ခြင်း၊ ၎င်း တရားမဝင်တိုးခဲ့သော မဲစာရင်းအတွက် လိုအပ်သော မဲလက်မှတ်စာအုပ်များအား မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးမှ ခိုးယူအသုံးပြုခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း။

(င) အင်ဂျန်းယန်မြို့နယ် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီမှ ကိုယ်စားလှယ်လောင်းဖြစ်သူ ဒေါက်တာဇော်ဂျပ်သည် မြစ်ကြီးနားမြို့နယ်အတွင်း အိမ်ထောင်စု ၁၇ စုမှ မဲဆန္ဒရှင်အင်အား ၁၃၃ ဦးအား လဝကပုံစံ(၁၀)ဖြင့် အင်ဂျန်းယန်မြို့နယ်အတွင်းရှိ ယင်း၏ မိတ်ဆွေဖြစ်သူ မိသားစုများတွင် အိမ်ထောင်စုအဝင်စာရင်းပြုလုပ်၍ မဲစာရင်းထည့်သွင်းပေးရန် ပုံစံ(၃)၊ ပုံစံ (၄-ခ) ဖြင့် လျှောက်ထားဆောင်ရွက်ခဲ့ကြောင်း၊ ထို့အတူ ကချင်ပြည်နယ် ပြည်သူ့ပါတီမှ ကိုယ်စားလှယ်လောင်း ဖြစ်သူ ဦးလမာနော်အောင်ကလည်း မြစ်ကြီးနားမြို့နယ်အတွင်း နေထိုင်လျက်ရှိသော အိမ်ထောင်စု ၂၉ စု မဲဆန္ဒရှင်အင်အား ၁၆၂ ဦးအတွက် အလားတူ လဝကပုံစံ(၁၀) ဖြင့် အင်ဂျန်းယန်မြို့နယ်အတွင်းရှိ ယင်း၏ မိတ်ဆွေဖြစ်သူ မိသားစုများတွင် အိမ်ထောင်စုအဝင် စာရင်းပြုလုပ်၍ မဲစာရင်းထည့်သွင်းပေးရန် ပုံစံ(၃)၊ ပုံစံ(၄-ခ)ဖြင့် တန်ပြန်လျှောက်ထား ဆောင်ရွက်ခဲ့ကြောင်း။ ယင်းကိစ္စအပေါ် ဒေသခံများက လက်မှတ်ရေးထိုးတိုင်ကြားကန့်ကွက်သဖြင့် ပုံစံ (၃) ဖြင့် လျှောက်ထားသူများအား ရုပ်သိမ်းသွားခဲ့သော်လည်း မြစ်ကြီးနားမြို့နယ်မှ ပုံစံ (၁၀) ဖြင့် အိမ်ထောင်စုအထွက် ပြုလုပ်ခဲ့ကြသည့် မဲဆန္ဒရှင်များမှာ အချိန် ကန့်သတ်ချက်အရ မည်သည့်နေရာတွင်မျှ မဲစာရင်းထည့်သွင်း၍မရတော့ဘဲ မဲပေးခွင့်ဆုံးရှုံးသည့်အခြေအနေများ ဖြစ်ပေါ်ခဲ့ကြောင်း။

(စ) ကရင်ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်သည် လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၏ လုပ်ပိုင်ခွင့်ထက် ကျော်လွန်ဖောက်ဖျက်ပြီး လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၇ အုပ်စုကို ရွေးကောက်ပွဲကျင်းပပြုလုပ်မည့် နယ်မြေစာရင်းမှ ပယ်ဖျက်ပေးရန် ပြည်နယ်လွှတ်တော်အနေဖြင့် အကြောင်းကြားစာ ပေးပို့ခြင်းဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်ခဲ့ပြီး နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ပြည်နယ်လွှတ်တော်၏ အရှိန်အဝါ ရယူဆောင်ရွက်ခဲ့ကြောင်း။

(ဆ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဖာပွန်မြို့နယ် အောင်နိုင်ရေးအဖွဲ့ခေါင်းဆောင် ဦးညီညီကျော်က ဖာပွန်မြို့နယ်အတွင်းရှိ မဲဆန္ဒရှင် ၅၄ ဦးကို မဲစာရင်းတွင် ထည့်သွင်းပေးရန် ဥက္ကဋ္ဌ၊ ကရင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ လည်းကောင်း၊ ဘားအံမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ အောင်နိုင်ရေး စည်းရုံးရေးမှူး ဒေါ်ငြိမ်းငြိမ်းအောင်က လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မဲဆန္ဒရှင် ၇၇၅ ဦးကို မဲစာရင်းတွင် ထည့်သွင်းပေးရန်ဥက္ကဋ္ဌ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ လည်းကောင်း တင်ပြတောင်းဆိုခဲ့ကြောင်း။

(ဇ) ယခင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း နန်းခင်ထွေးမြင့်အနေဖြင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူးအား ခေါ်ယူတွေ့ဆုံပြီး မဲစာရင်းတွင်ပါဝင်ခြင်း မရှိသေးသော NLD ပါတီကို ထောက်ခံသည့် နိုင်ငံသားစိစစ်ရေးကတ်မရှိသည့် သွေးနှောများကို သက်ဆိုင်ရာ မဲဆန္ဒရှင်စာရင်းများတွင် ထည့်သွင်းပေးရန်နှင့် ဆောင်ရွက်ပေးခြင်း မရှိပါက ရွေးကောက်ပွဲပြီးလျှင် သက်ဆိုင်ရာ မြို့နယ်နှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများအား လူ့အခွင့်အရေးကော်မရှင်သို့ တင်ပြ၍ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဟု ခြိမ်းခြောက်ဖိအားပေး အကျပ်ကိုင် စွက်ဖက်ခဲ့ကြောင်းနှင့် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်မှုမရှိသူများအား မဲစာရင်းတွင် ထည့်သွင်းနိုင်ခြင်း မရှိကြောင်း ပြန်လည်တင်ပြခဲ့ရသည်ကို တွေ့ရှိရကြောင်း။

(ဈ) မြဝတီမြို့နယ် အမှတ် (၃) ရပ်ကွက်မဲရုံတွင် ယခင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဟောင်း မန်းဝင်းခိုင်သန်း၏ သားဖြစ်သူ ဦးစိုးမှ မဲဆန္ဒရှင်သက်သေခံလက်မှတ် (မဲစလစ်အတု) များ ပြုလုပ်၍ ထုတ်ပေးရာတွင် သွားရောက်ကြီးကြပ်ခြင်း၊ NLD ပါတီဝင်များသည် ကြိုတင်မဲရုံနှင့်ကိုက် ၅၀ အကွာတွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၅ ရက်၌ NLD အလံနှင့်တံဆိပ်များ တပ်ဆင်ထားသည့် မော်တော်ယာဉ်ပေါ်မှ NLD အောင်နိုင်ရေး သီချင်းများဖွင့်၍ မဲဆွယ်စည်းရုံးခြင်း၊ ကြိုတင်မဲပုံးများကို တရားမဲ့စွာ ချိပ်ပိတ်ခြင်း/သော့ခတ်ခြင်း၊ ကြိုတင်ဆန္ဒမဲများကောက်ယူစဉ် NLD ပါတီအား ဆန္ဒပြုရန်ပြောဆို စည်းရုံးခြင်း၊ မဲဆန္ဒရှင် ကိုယ်စားဆန္ဒပြုတံဆိပ်တုံးများ ရိုက်နှိပ်ပေးခြင်း စသည်ဖြင့် တရားမဲ့ပြုကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်း။

(ည) ကြာအင်းဆိပ်ကြီးမြို့နယ်တွင် NLD ပါတီမှ အင်အားပြမဲဆွယ်စည်းရုံးစဉ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၃) လွှတ်တော်ကိုယ်စားလှယ် ဦးစောယှားဖောင်အွာက ပါတီဝန်းရံသူများကို တစ်ဦးလျှင် ၅၀၀၀ ကျပ်နှုန်း ပေးဝေစည်းရုံးသဖြင့် ကန့်ကွက်တိုင်ကြားမှုများ ရှိခဲ့ကြောင်း။

## ဥပဒေနှင့် ညီညွတ်မှုမရှိ

အထက်ပါ ကောက်နုတ်တင်ပြချက်များနှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်နှင့် အထောက်အထားများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အသေးစိတ်ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ စိစစ်တွေ့ရှိချက်များအရ ဥပဒေနှင့် ညီညွတ်မှုမရှိသော မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ အသက် ၆၀ နှစ်အထက် မဲဆန္ဒရှင်များအပါအဝင် ကြိုတင်ဆန္ဒမဲကောက်ခံခြင်း၊ မဲပေးခြင်း၊ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည့် ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ခြင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းရာတွင် လည်းကောင်း၊ မဲဆန္ဒရှင်စာရင်းများ ကောက်ခံခြင်းနှင့် ထပ်တိုးမဲစာရင်း ဖြည့်စွက်ခြင်းများတွင်လည်းကောင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်းအပါအဝင် ရွေးကောက်ပွဲ ဆိုင်ရာလုပ်ငန်းများတွင် လည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ် ဝန်ကြီးချုပ်များက ဝင်ရောက်စွက်ဖက် သြဇာလွှမ်းမိုး၍ ဆောင်ရွက်ခဲ့ခြင်းများကို တွေ့ရှိရကြောင်း။

## တရားမျှတမှုမရှိ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းအရေအတွက်များစွာ မှားယွင်းမှုများ ဖြစ်ပေါ်ရခြင်းသည် မတော်တဆဖြစ်ပေါ်ခဲ့သော မှားယွင်းမှုမျိုးမဟုတ်ဘဲ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းကြောင့်သာဖြစ်ကြောင်း၊ ထို့အပြင် မဲစာရင်း ကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်း စသည့်ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှုအဆင့်ဆင့်တွင် ဝင်ရောက်စွက်ဖက်မလျော်သြဇာအသုံးပြု၍ မသမာမှုများဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည့်အပြင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့်လည်း တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက် ဆောင်ရွက်ခဲ့ကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မဲစာရင်းများနှင့် မဲပေးမှုအခြေအနေများကို စစ်ဆေးခဲ့ရာတွင် NLD ပါတီသည် ရွေးကောက်ပွဲတွင် ယင်းတို့ ပါတီတစ်ခုတည်းသာ အနိုင်ရရှိပြီး အစိုးရအဖွဲ့ဖွဲ့စည်းနိုင်ရေးအတွက် ပြိုင်ဘက်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်/တားမြစ်ချက်များကို အလွဲသုံး၍ လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို အလွဲသုံး၍ လည်းကောင်း ကန့်သတ်ထိန်းချုပ်ခဲ့ပြီး နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ကြောင်း၊ အထက်ပါ စိစစ်ချက်များအရ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှု *စာမျက်နှာ ၁၈ သို့*

# အမရပူရမြို့နယ်၌ COVID-19 ရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပညာပေးဟောပြောနေသည့် တာဝန်သိပြည်သူများအား အကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်

**နေပြည်တော် ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ COVID- 19 ရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပညာပေးဟောပြောခြင်း၊ အထောက်အကူပစ္စည်းများ လိုက်လံဝေငှခြင်း ဆောင်ရွက်နေသည့် တာဝန်သိပြည်သူများအား နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် အကြမ်းဖက်သမားများက ယနေ့ နံနက်ပိုင်းတွင် ဆင်ခြင်တုံတရားမဲ့စွာဖြင့် လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့၌ COVID-19 ရောဂါကူးစက်ပြန့်ပွားမှုအား ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တာဝန်သိပြည်သူများဖြစ်သည့် ဒေါ်သက်သက်ချို(ဘ) ဦးမောင်ကိုအပါအဝင် ပြည်သူခုနစ်ဦးတို့သည် အဆိုပါ မြို့ဈေးအဝင်လမ်း၌ COVID-19 ရောဂါများနှင့်ပတ်သက်၍ ပညာပေးဟောပြောခြင်း၊ Mask နှင့် Hand Gel များ ဝေငှခြင်းများဆောင်ရွက်နေစဉ် တည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေသည့် အကြမ်းဖက်အမျိုးသားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး(စိစစ်ဆဲ)သေနတ်ဖြင့် ကိုးချက်ခန့် ပစ်ခတ်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

**အရေးယူဆောင်ရွက်မည်**

အဆိုပါ ပစ်ခတ်မှုကြောင့် ဒေါ်သက်သက်ချိုတွင် ဦးခေါင်းထိမှန်ဒဏ်ရာဖြင့် အဆိုပါနေရာ၌ပင် သေဆုံးခဲ့ပြီး အမျိုးသားသုံးဦးတွင် လက်နက်ငယ်ထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဒဏ်ရာရရှိသူများအား မန္တလေးမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးသို့ ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် ဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်း လိုက်လံရှာဖွေလျက် ရှိကြောင်းနှင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



လက်နက်ငယ်ထိမှန်ဒဏ်ရာရသူများ။

# အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိ



တရားခံ နေလင်းအောင်(ခ) အားကွေ့နှင့် လွင်မိုး(ခ) လင်းလု

**နေပြည်တော် ဇူလိုင် ၁၄**

မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထိုသို့ ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၂ ရက် ညနေ ၄ နာရီက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၅၇ လမ်းနှင့် ၃၄ လမ်းရှိ မြို့နယ်လျှပ်စစ်ရုံးအား လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခဲ့သဖြင့် ဖမ်းဆီးရမိသူ တရားခံ နေလင်းအောင်(ခ)အားကွေ့နှင့် လွင်မိုး(ခ)လင်းလုတို့၏ ထွက်ဆိုချက်အရ ၎င်းတို့နှင့်အတူ မေလအတွင်း အကြမ်းဖက်ဖောက်ခွဲရေး သင်တန်းတက်ရောက်ခဲ့သူ စိုးကြီးနှင့် ထွဋ်ကြီးတို့မှ ပေးအပ်ထားသည့် လက်လုပ်ဗုံးများအား နေလင်းအောင်(ခ) အားကွေ့ နေထိုင်သည့် အမရပူရမြို့နယ် မင်းစုရပ်ကွက် သစ်စက်ဝင်းရှိ နေအိမ်၌ သိမ်းဆည်းထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ နေအိမ်၏မြောက်ဘက်ရှိ အမှိုက်ကျင်းအတွင်း သိုဝှက်ထားသည့် PVC ပိုက်၊ သံပိုက်တို့ဖြင့် ပြုလုပ်ထားသော လက်လုပ်ဗုံးမျိုးစုံ ၁၃ လုံး၊ လက်ဆွဲအိတ်နှစ်လုံးတို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို သိုဝှက်သိမ်းဆည်းထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*

မရှိကြောင်း။

ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လက်ရှိဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ပါ လုပ်ငန်းစဉ် ၁ ဖြစ်သည့် မဲစာရင်းစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းစိစစ်ချက်နှင့် ဆန္ဒမဲလက်မှတ်မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိမှု အခြေအနေများ၊ တိုင်းဒေသကြီး/ ပြည်နယ်ချုပ်များကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ မဲစာရင်းများတွင် တစ်ကြိမ်ထက် ပို၍ အကြိမ်ကြိမ် ပါဝင်နေခြင်းကြောင့် သက်ဆိုင်ရာမဲဆန္ဒရှင်အနေဖြင့် မြို့နယ်တစ်မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုများ၌ ကြိုတင်ဆန္ဒမဲပေးမည့် နေ့ရက်များတွင် ကြိုတင်ဆန္ဒမဲပေးခြင်းကို တစ်ကြိမ်ထက်ပို၍ ဆောင်ရွက်နိုင်ပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံတွင် တစ်ကြိမ်ဆန္ဒမဲပေးနိုင်ခြင်း၊ မဲစာရင်းပါရှိရာ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုများသည် ခရီးမကွာဝေးဘဲ ကပ်လျက်ရှိသည့် အခြေအနေတွင် မဲမသမာမှုပြုလုပ်သူ မဲဆန္ဒရှင်အနေဖြင့် ကြိုတင်ဆန္ဒမဲပေးခြင်းကို တစ်ကြိမ် ထက်ပို၍ ဆောင်ရွက်နိုင်ခြင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံ၌လက်သန်းမင်မတို့ဘဲ ရှောင်လွဲကာ အခြားမဲစာရင်းပါရှိသည့် မဲရုံများတွင်ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်နိုင်ပြီး မဲစာရင်း ၂ ကြိမ်/ ၃ ကြိမ် ပါဝင်နေသူများအနက် တစ်ကြိမ်ထက် ပိုမိုဆန္ဒပြုထားသူများကို တွေ့ရှိရသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲစာရင်းပုံစံ(၁)တွင် လက်မှတ်ရေးထိုးထားသည့် အထောက်အထားများအရ တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးမှုများ ကို အသေးစိတ်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း။

**နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေး**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်း၊ အချိုးကျကိုယ်စားပြုစနစ် PR အပါအဝင် မြန်မာနိုင်ငံနှင့် သင့်လျော်မည့် ရွေးကောက်ပွဲစနစ်အသုံးပြုနိုင်ရေး လေ့လာသုံးသပ်ခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်ရွေးကောက်ပွဲတွင် ကြုံတွေ့ရသော ချို့ယွင်းအားနည်းချက်များကို စိစစ်သုံးသပ်ပြီး နောင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲများကို ပိုမိုကောင်းမွန်စနစ်ကျစွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်တည်းတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၏ ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုနှင့် လေ့ကျင့်သင်တန်းပေးမှုများကို ဆောင်ရွက်လျက် ရှိကြောင်း၊ ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကော်မရှင်နှင့် သက်ဆိုင်သည့် ထူးခြားဖြစ်စဉ်သတင်းများကိုလည်း အများပြည်သူ သိရှိစေရန် ထုတ်ပြန်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်တွင် ဟုမ္မလင်းရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးဘိုချစ်၏ နေအိမ်၌ လက်လုပ်ဗုံးများ စုဆောင်းထားကြောင်း သတင်းအရ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့မှ ဝင်ရောက်ရှာဖွေခဲ့ရာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်အသုံးပြုခဲ့သော ပြည်သူ့လွှတ်တော်ဆန္ဒမဲ လက်မှတ်စောင်ရေ ၅၀ ပါ ဆန္ဒမဲလက်မှတ်စာအုပ် နှစ်အုပ်နှင့် ဆန္ဒမဲပေးရာတွင် အသုံးပြုခဲ့သော UEC တံဆိပ်ပါ တံဆိပ်တုံး သုံးခု သိမ်းဆည်းရမိကြောင်း၊ ဦးဘိုချစ်မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး သိမ်းဆည်းရမိသော ရွေးကောက်ပွဲသုံးပစ္စည်းများကို ဟုမ္မလင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် အပ်နှံထားသည့်သတင်းကိုလည်း ထုတ်ပြန်ပေးခဲ့ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့်ရှေ့လုပ်ငန်းစဉ် ၅ ရပ်ပါ လုပ်ငန်းစဉ် ၁ ဖြစ်သည့် မဲစာရင်းစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လုပ်ငန်းစဉ် ၅ ဖြစ်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပန်လုံမြို့၌ Quarantine Centre ဝင်ရောက်နေသူများအား ထောက်ပံ့

**ပန်လုံ ဇူလိုင် ၁၄**

'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပန်လုံမြို့တွင် ယနေ့ နံနက် ၁၀ နာရီက Quarantine ဝင်ရောက်နေသည့် ပြည်သူများအား ထောက်ပံ့ပစ္စည်း ပေးအပ်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးရုံး (ဝန်ထမ်းအိမ်ရာ)တွင် ဖွင့်လှစ်ထားသည့် Quarantine Centre ၌ ပြုလုပ်သည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများကို နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်ထိန်မှ တပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိစစ်သည်မိသားစုများကိုယ်စား Quarantine Centre တွင် ဝင်ရောက်နေသည့် အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၂၅ ဦးတို့အား တန်ဖိုးငွေကျပ် ၁၈၇၅၀၀ ရှိ နှာခေါင်းစည်း၊ လက်သန့်ဆေးရည်၊ လက်အိတ်၊ ကြက်ဥ၊ ခေါက်ဆွဲ၊ ပဲကြာဇံနှင့်ရွှေဖီဦး လက်ဖက်ရည်တို့ကို ပေးအပ်ရာ မြို့အုပ်ချုပ်ရေးမှူး ဦးအာကာထွန်းသိန်းနှင့် တာဝန်ရှိဌာနဆိုင်ရာများက လက်ခံရယူသည်။

**ပန်လုံ(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၇-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | ရတနသုတ်ပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ဆိုင်ရာဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ |
| ၀၉:၁၀ | NHK Program 'ဂျပန်နိုင်ငံ၏ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်ဒေသများ' |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | ဇေယျာရွှေမြေနှင့်ငွေထည်လုပ်ငန်း |
| ၁၃:၃၀ | MRTV National News |
| ၁၅:၀၀ | Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ဇီဝဗေဒဘာသာရပ်' |
| ၁၆:၃၅ | ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ဆိုင်ရာဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ |
| ၁၇:၀၅ | တူနိုင်းမဲ့သောအာဇာနည်မွေးဖွားရာ 'နတ်မောက်နေအိမ်' |
| ၁၇:၃၅ | မျက်မှောက်ရေးရာအမြာမြာ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၀ | မြန်မာပြည်တောင်ဘက်ဖျားမှ သဘာဝအစွမ်းကမ်းဇော်သီ |
| ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၂၄) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၆) |
| ၂၂:၃၀ | ပြည်သူ့နီတိ 'တစ်နေ့မှာ' |

**mitv**

| | |
|---|---|
| 07:01 | News |
| 07:27 | Unique Pattern Of Myanma Ethnic Group: A Trend Of Chin Traditional Dress |
| 08:01 | Products of Myanmar - Pottery Business |
| 08:17 | Bridge On The River Tapam |
| 08:39 | TUK TUK In Myanmar (Bagan) |
| 08:50 | Kayah Style |
| 09:01 | Geographic Center of Myanmar |
| 09:21 | Weaving Craft for a Living |
| 09:35 | Myanmar Traditional Thached Roofs: IN-LEAF |
| 09:52 | Coin Collectors |
| 10:01 | A Historic Town: 9 Pagodas |
| 10:35 | Mosaic Painting (Precious Stones & Gems) |
| 11:01 | Kayin Child Boxer |

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ပုတာအိုသို့အလည်တစ်ခေါက်

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
မိုးသားတိမ်ထုအောက်ကလှိုင်နန်းပတောင်အလှ

**ဝကြောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
မြင်းဘွာရွက်နှင့်ကျန်းမာရေး

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
စားမြိန်ဖွယ်ရာဝုံးဟင်းလျာ

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၄)

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ရာသီပန်းများနှင့်ပလမ်းမြို့

**ချင်း (ချိုး) ၁၄:၀၀ မှ ၁၅:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၃)

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ဒီရေတောနှင့်ရှင်သန်သူ

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ရခိုင်လဘ်ကောင်'ဖျာလ'အကြောင်း

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ကိုယ်ဝန်ဆောင်မိခင်များ စိတ်အပြောင်းအလဲမြန်ရခြင်းအကြောင်း

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
လူငယ်နှင့်လူ့ပတ်ဝန်းကျင်(အပိုင်း-၄)

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁) |
| ၁၁:၀၀ | ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'လင်နဲ့ပယားလျှာနဲ့သွားဆိုပေမယ့်' |
| ၁၁:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂) |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# သုတစေပြောသိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇူလိုင် ၁၄




သုတစေပြောသိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၂၃)ကို ဇူလိုင် ၁၆ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည် ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၂၃)၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် မေဇင်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇူလိုင် (၁၆၊ ၁၇၊ ၁၈ ) ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဝသာန်မိုးရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဇူလိုင် ၁၄

ဝသာန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ်(၇)ကို ဇူလိုင် ၁၆ ရက်၊ ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည် ဖြစ်သည်။

ယင်းအစီအစဉ်ကို စန္ဒရားဇော်မင်းဦး တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် စိုးအောင်(ကောင်းကင်ပြာ)၊ စန်းလွင် (ဒွါရာဝတီ)၊ ရဲထိုက်၊ နေဇင်အောင်၊ ပန်းအိဖြူ၊ အိအိချွန်၊ ယဉ်ဝေယံထွန်း၊ အိအိလှိုင်၊ ဆွေဆွေမြင့်နှင့် မေ့ချစ်သက်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၇ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၂၂ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၂ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၉၀၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၇၅ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၈ . ၀၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၁ . ၇၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၈၆၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၅၄၉ | ၁၃၇၈၆၁၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၁၇၃၆ | ၆၀၇၆၀၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၂ | ၁၅၈၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၈၀၀ | ၂၇၀၀ | ၅ | ၁၃၈၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၈၀၀ | ၄၉၀၀ | ၁၁ | ၅၃၈၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အာဇာနည်နေ့ကို သင်ခန်းစာယူကြဖို့လို

မျိုးငြိမ်းငယ်



**သင်ခန်းစာယူရမယ့်သမိုင်းဖြစ်စဉ်တစ်ရပ်**

မြန်မာနိုင်ငံနဲ့ နိုင်ငံသားအားလုံးအတွက် ဝမ်းနည်းကြေကွဲဖွယ်အာဇာနည်နေ့ဟာ ယခုဆိုရင် (၇၄) နှစ်ပင် တိုင်ခဲ့ပါပြီ။

မြန်မာနိုင်ငံအတွက် မမေ့ပျောက်နိုင်တဲ့နေ့တစ်နေ့လည်းဖြစ်ပါတယ်။ နယ်ချဲ့တို့ရဲ့ ကြိုးဆွဲစေခိုင်းချက်အောက်မှာ ကိုယ့်နိုင်ငံသားအချင်းချင်း အာဇာနည်ခေါင်းဆောင်ကြီးတွေကို လုပ်ကြံခဲ့ကြတာပါ။ တိုင်းပြည်အတွက် ရင်နာစရာကောင်းလှသလို သင်ခန်းစာယူဖွယ်လည်း ဖြစ်ပါတယ်။

လွတ်လပ်ရေးခေါင်းဆောင်ကြီးတွေ ဆုံးရှုံးခဲ့ရတာဟာ နိုင်ငံအတွက် ဘယ်လိုမှအစားထိုးလို့မရတဲ့ ဆုံးရှုံးမှု၊ နစ်နာမှုတွေပဲဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ ကိုယ်ကျိုးမဖက် နိုင်ငံနဲ့ နိုင်ငံသားတွေအတွက် အနစ်နာခံ၊ အပင်ပန်းအဆင်းရဲခံ၊ ဒုက္ခခံခဲ့တဲ့ ခေါင်းဆောင်တစ်ဦးပါ။ နိုင်ငံ့လွတ်လပ်ရေးသည်သာ သူ့ဘဝ၊ သူ့အသက်၊ သူ့ရဲ့ အန္တိမရည်မှန်းချက်လို့ သတ်မှတ်ထားတဲ့ လွတ်လပ်ရေးဖခင်ကြီးလည်းဖြစ်ပါတယ်။ သူ့ရဲ့ရည်မှန်းချက်နဲ့ အပြောတွေကို အလုပ်နဲ့သက်သေပြခဲ့ပါတယ်။ မြန်မာ့သမိုင်းမှာတော့ ခေါင်းဆောင်မှုအရည်အသွေး စံပြဖြစ်တဲ့ လွတ်လပ်ရေးဗိသုကာပညာရှင်ပဲ ဖြစ်ပါတယ်။

ဒါပေမယ့် လွတ်လပ်ရေးကြိုးပမ်းခဲ့ကြတဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ ခေါင်းဆောင်ကြီးတွေဟာ အာဏာမက်မောသူတွေ၊ အတ္တရှေ့တန်းတင်သူတွေရဲ့လက်ချက်နဲ့ ကျဆုံးခဲ့ရတာဟာ သမိုင်းတစ်လျှောက် သင်ခန်းစာယူရမယ့်သမိုင်းဖြစ်စဉ်ပဲ ဖြစ်ပါတယ်။

**လက်စားချေနိုင်ငံရေး**

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့က မြန်မာ့လွတ်လပ်ရေးအတွက် ဦးဆောင်ခဲ့ကြတဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ကြီးတွေ လုပ်ကြံခံခဲ့ကြရတဲ့ဖြစ်စဉ် အရင်းခံအကြောင်းတရားတွေ၊ အကျိုးဆက်တွေနဲ့ အဲဒီဖြစ်စဉ်သင်ခန်းစာတွေကို ယနေ့ဖော်ထုတ် ပြုပြင်နိုင်ကြရဲ့လားဆိုတာ အနုလုံပဋိလုံစဉ်းစားဖို့လိုပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံခဲ့တဲ့ ဂဠုန်ဦးစောဆိုတာကလည်း နိုင်ငံရေးသမားတစ်ဦးပါ။ မြန်မာ့နိုင်ငံရေးမှာ ရှေ့နေ၊ သတင်းစာဆရာ၊ မင်းတိုင်ပင်အမတ်၊ ပါတီခေါင်းဆောင်၊ နန်းရင်းဝန်၊ လယ်ယာနဲ့ သစ်တောရေးရာဝန်ကြီး၊ ပညာရေးဝန်ကြီး စတဲ့တာဝန်တွေ ယူခဲ့တာဖြစ်ပါတယ်။ မျိုးချစ်ပါတီဖွဲ့စည်းတည်ထောင်ခဲ့သလို ဂဠုန်တပ်ဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။ ဆရာစံသူပုန်အမှုမှာ လယ်သမားတွေဘက်က လိုက်ပါဆောင်ရွက်ပေးတာမို့ ဂဠုန်ဦးစောလို့ အမည်တွင်ခဲ့သူပါ။

ဦးစောဟာ ၁၉၄၀ ပြည့်နှစ်မှာ နန်းရင်းဝန်ဖြစ်လာပါတယ်။ ဖဆပလမှာပါဝင်ဖို့ ဗိုလ်ချုပ်အောင်ဆန်းက စည်းရုံးခဲ့ပေမယ့် မပါဝင်ခဲ့ပါဘူး။ ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့မှာ ဦးစောသေနတ်ပစ်ခံရပြီး မျက်စိဒဏ်ရာရခဲ့ပါတယ်။ ဒါကို ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပြည်သူ့ရဲဘော်တွေက လုပ်ကြံတာလို့ယူဆပြီး ဦးစောက ဗိုလ်ချုပ်အောင်ဆန်းကို ရန်ငြိုးထားခဲ့ပါတယ်။

၁၉၄၆ ခုနှစ်မှာ ဗိုလ်ချုပ်အောင်ဆန်းအစိုးရမှာ သူ ဝန်ကြီးဖြစ်လာပါတယ်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့မှာ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဆွေးနွေးဖို့ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် အင်္ဂလန်ကို သွားရောက်ခဲ့ပြီး ဇန်နဝါရီလ ၂၇ ရက်နေ့ မြန်မာ့လွတ်လပ်ရေးအတွက် ချုပ်ဆိုတဲ့ အောင်ဆန်း-အက်တလီစာချုပ်ကို ဦးစောနဲ့ သခင်ဗစိန်က လက်မှတ်ထိုးဖို့ငြင်းဆိုပြီး စာချုပ်ကို ကန့်ကွက်ခဲ့ကြပါတယ်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှာတော့ သခင်ဗစိန်နဲ့အတူ ဝန်ကြီးအဖြစ်ကနေ နုတ်ထွက်ခဲ့ပါတယ်။ အစိုးရအဖွဲ့မှ နုတ်ထွက်ပြီးနောက်မှာ သခင်ဗစိန်၊ ဒေါက်တာဘမော်တို့နဲ့အတူ မဟာဗမာအဖွဲ့ ဖွဲ့စည်းပြီး ဖဆပလအတိုက်အခံအဖြစ် ဆောင်ရွက်ခဲ့ပြန်ပါတယ်။

၁၉၄၇ ခုနှစ် ဧပြီလမှာလုပ်တဲ့ ရွေးကောက်ပွဲကို သပိတ်မှောက်ဖို့ ဆော်သြခဲ့ပေမယ့် ဖဆပလက အများစုနိုင်ပြီး ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ တိုင်းပြည်ပြုလွှတ်တော်ခေါ်ပြီး အခြေခံဥပဒေဆွဲခဲ့ပါတယ်။ အဲဒီလိုကာလမှာပဲ ဂဠုန်ဦးစောဟာ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ အစိုးရအဖွဲ့ကို အလိုမရှိတဲ့ နယ်ချဲ့အချို့နဲ့ ပူးပေါင်းပြီးနောက် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံလိုက်ပါတော့တယ်။

အထက်က ဖြစ်စဉ်တွေဟာ ပုဂ္ဂိုလ်ရေးအခြေပြု ဖော်ပြနေတာ မဟုတ်ပါဘူး။ မြန်မာ့နိုင်ငံရေးမှာ အဓိကအခန်းမှပါဝင်နေတဲ့ လက်စားချေနိုင်ငံရေးနဲ့ အကျိုးဆက်ကို ဖော်ပြလိုရင်းဖြစ်ပါတယ်။

**အာဇာနည်နေ့အလွန် ၇၄ နှစ်အကြာ**

**အခုဆိုရင် အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံရတာ နှစ်ပေါင်း ၇၄ နှစ်ကြာခဲ့ပါပြီ။ ဒီဆယ်စုနှစ်များစွာအတွင်း မြန်မာ့နိုင်ငံရေးရဲ့အသွင်သဏ္ဍာန်တွေ၊ အနှစ်သာရတွေ ဘယ်လောက်ပြောင်းလာပြီလဲဆိုတာ ဒီကနေ့ နိုင်ငံမှာဖြစ်ပျက်နေတဲ့ အခြေအနေတွေက ညွှန်ပြနေပါတယ်။ ခေတ်ကာလအခြေအနေတွေ ပြောင်းလဲလာပေမယ့် အထူးသဖြင့် မြန်မာ့နိုင်ငံရေးရဲ့ အခြေခံအယူအဆတွေကတော့ မပြောင်းလဲသေးဘူးလို့ ကောက်ချက်ချရမှာပဲ ဖြစ်ပါတယ်။**

နိုင်ငံတည်ဆောက်ရေးမှာ အခြေခံလိုအပ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေဟာ ၂၀၁၅ နောက်ပိုင်း ရပ်တန့်နေပါတယ်။ နိုင်ငံတည်ဆောက်ဖို့၊ နိုင်ငံတိုးတက်ဖို့၊ ဒီမိုကရေစီဖက်ဒရယ်တည်ဆောက်ဖို့ လိုချင်ကြပေမယ့် နိုင်ငံရေးအခြေခံအယူအဆတွေကတော့ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း ၇၄ နှစ်ကြာက နိုင်ငံရေးအယူအဆများအတိုင်းပဲ အာဃာတနဲ့အတ္တ အခြေခံနိုင်ငံရေးသဘောတွေ အမြစ်တွယ်နေဆဲဆိုတာ တွေ့မြင်နေရပါတယ်။ ဒီသံသရာကျော့ကွင်းကနေ ရုန်းမထွက်နိုင်သေးဘူးလို့ ဆိုရမှာပါ။

▼ **အခုဆိုရင် အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံရတာ နှစ်ပေါင်း ၇၄ နှစ်ကြာခဲ့ပါပြီ။ ဒီဆယ်စုနှစ်များစွာအတွင်း မြန်မာ့နိုင်ငံရေးရဲ့ အသွင်သဏ္ဍာန်တွေ၊ အနှစ်သာရတွေ ဘယ်လောက် ပြောင်းလာပြီလဲဆိုတာ ဒီကနေ့ နိုင်ငံမှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေက ညွှန်ပြနေပါတယ်။ ခေတ်ကာလအခြေအနေတွေ ပြောင်းလဲလာပေမယ့် အထူးသဖြင့် မြန်မာ့နိုင်ငံရေးရဲ့ အခြေခံအယူအဆတွေကတော့ မပြောင်းလဲသေးဘူးလို့ ကောက်ချက်ချရမှာပဲ ဖြစ်ပါတယ်**

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ကတော့ နယ်ချဲ့လက်ပါးစေတွေရဲ့ ကြိုးဆွဲမှုနဲ့ ဦးစောနဲ့ အပေါင်းပါတွေဟာ အာဃာတအခြေခံ၊ အတ္တအခြေခံစိတ်တွေနဲ့ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ကိုးဦးကို လုပ်ကြံခဲ့ကြပါတယ်။ ယနေ့မှာတော့ နိုင်ငံရေးအာဃာတတွေ၊ အာဏာလိုချင်တပ်မက်မှုတွေအတွက် နိုင်ငံရဲ့အချုပ်အခြာအာဏာကို ထိပါးနေကြပါပြီ။ အာဃာတနဲ့ အာဏာနိုင်ငံရေးကနေ မဖယ်ခွာဘဲနဲ့တော့ အားလုံးလိုလားတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်ရည်မှန်းချက်အောင်မြင်ဖို့ဆိုတာ ဆောင်းတွင်းအိပ်မက်အဖြစ်သာ ရှိနေပါလိမ့်ဦးမယ်။

**အာဏာထိန်းချုပ်ရေးခြေလှမ်း**

၂၀၁၁ ခုနှစ်မှာ နိုင်ငံ့အသွင်ကူးပြောင်းရေးတွေကို အသွင်ကူးပြောင်းရေးမော်ဒယ်တစ်ခုအဖြစ် ပြောင်းလဲနိုင်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးတွေ အုတ်မြစ်ချခဲ့ပါတယ်။ အသွင်ကူးပြောင်းရေးဖြေလျှော့မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ အားလုံးပါဝင်တဲ့ နိုင်ငံရေးလုပ်ငန်းစဉ်ဖြစ်ဖို့ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲမှာ ပါတီအားလုံးကို ပါဝင်နိုင်စေခဲ့ပါတယ်။ ယခင်က နိုင်ငံရေးသဘောကွဲလွဲမှုတွေကို သင်ပုန်းချေပြီး နိုင်ငံတကာမှာ ရောက်နေသူတွေကိုလည်း ဖိတ်ခေါ်ပါဝင်စေခဲ့တာ မျက်မြင်ပါပဲ။ ဒါပေမယ့် ၂၀၁၁-၂၀၁၅ အသွင်ကူးပြောင်းရေးဟာ ပြီးပြည့်စုံတဲ့၊ ခိုင်မာတဲ့ ဒီမိုကရေစီအဆင့်ကိုရောက်ဖို့ အဆင့်တွေ၊ အချိန်တွေ၊ လုပ်ငန်းတွေ များစွာကျန်ရှိခဲ့ပါတယ်။

ဒီမိုကရေစီအနှစ်သာရအတိုင်း ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ အနိုင်ရရှိတဲ့ပါတီကို အေးချမ်းတည်ငြိမ်စွာနဲ့ လွှဲပြောင်းပေးခဲ့တာ သမိုင်းမှတ်တမ်းမှတ်ရာကို ပြန်လည်ကြည့်ရှုနိုင်ပါတယ်။ ပထမငါးနှစ်သက်တမ်းကို

*စာမျက်နှာ ၂၁ သို့*

# မြစ်ကြီးနား ပညာရေးကောလိပ်ကို ကိုဗစ်-၁၉ လူနာများ စောင့်ကြည့်ဆောင်အဖြစ် ပြင်ဆင်ထားရှိ

မြစ်ကြီးနား ဇူလိုင် ၁၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအပြင် ကုသရေးလုပ်ငန်းများကိုပါ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြစ်ကြီးနား ပညာရေးကောလိပ်၌ လေးထပ်စာသင်ဆောင်သစ်ကို ပိုးတွေ့လူနာများ သီးခြားစောင့်ကြည့်ရေးအဆောင်အဖြစ် ထားရှိနိုင်ရန် ပြင်ဆင်လျက်ရှိရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၂ ရက် က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မြစ်ကြီးနားပညာရေးကောလိပ် လေးထပ်ဆောင်သစ်၌ ပိုးတွေ့လူနာများအား သီးခြားစောင့်ကြည့်ကုသပေးနိုင်ရေးအတွက် အဆောက်အအုံအတွင်း အခန်းများဖွဲ့စည်းမှု အခြေအနေ၊ ရေ၊ မီး၊ မိလ္လာစနစ်များ ကောင်းမွန်မှုရှိ/မရှိနှင့် အခန်းများအလိုက် လူနာများထားရှိသွားနိုင်မည့် အခြေအနေများကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်၊ ပြည်နယ်ကောင်စီအဖွဲ့ဝင် ဦးမျိုးဆွေ၊ ဦးတိန့်ဆောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် အဆောက်အအုံအတွင်း ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် လူနာများအတွက် အသုံးအဆောင်ပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ပြည်နယ်ကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ကုသရေးလုပ်ငန်း ဆောင်ရွက်နေကြသည့် မြစ်ကြီးနား ပြည်သူ့ဆေးရုံမှ ဆရာဝန်၊ သူနာပြုများအတွက် ငွေကျပ် ၁၀ သိန်းကိုလည်း ထောက်ပံ့ပေးအပ်ခဲ့သည်။



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှ ဇူလိုင် ၁၁ ရက်အထိ ပိုးတွေ့လူနာစုစုပေါင်း ၂၁၅၆ ဦးနှင့် သေဆုံးသူ ၁၅ ဦးရှိကြောင်း သိရပြီး မြစ်ကြီးနားမြို့နယ်အတွင်း ဇူလိုင် ၁၁ ရက်အထိ ပိုးတွေ့လူနာစုစုပေါင်း ၂၆၇ ဦးနှင့် သေဆုံးသူ ၁၀ ဦးရှိကြောင်း ကချင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

ပြည်နယ်(ပြန်/ဆက်)

---

*စာမျက်နှာ ၂၀ မှ*

ပြန်လည်သုံးသပ်မယ် ဆိုရင် ၂၀၁၁ မတိုင်မီကာလက အခြေအနေနဲ့ ၂၀၁၁ နောက်ပိုင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ သတင်းလွတ်လပ်ခွင့်၊ နိုင်ငံသားအခွင့်အရေး၊ ဒီမိုကရေစီညွှန်းကိန်းအခြေအနေတွေကို ချိန်ထိုးကြည့်နိုင်ပါတယ်။ ၂၀၁၁-၂၀၁၅ ကာလကို ဘယ်လိုရှုမြင်ကြသလဲ၊ သုံးသပ်ကြသလဲဆိုတာမှာလည်း ဖန်ခွက်ထဲမှာရှိတဲ့ ရေတစ်ဝက်ကို ရှုမြင်ကြသလိုဖြစ်မှာပါ။ ရေတစ်ဝက် ရှိနေတယ်လို့ အပြုသဘောမြင်မလား၊ ရေတစ်ဝက် လိုနေတယ်လို့ အပျက်သဘောမြင်မလားဆိုတဲ့ အတိုင်းပါပဲ။ တစ်ခါတစ်ရံမှာ လိုချင်တဲ့ အတိုင်းအတာပမာဏနဲ့ လုပ်ဆောင်လို့ရရှိလာတဲ့ ပမာဏအကြား ကွာခြားချက်တွေကို ဓမ္မဓိဋ္ဌာန်ကျကျရှုမြင်သုံးသပ်ကြရမှာပါ။

၂၀၁၅ အလွန်ကာလမှာတော့ ယခင်ငါးနှစ်က ဆောင်ရွက်ဆဲ အသွင်ကူးပြောင်းရေးတွေကို ဆက်လက် အကောင်အထည်ဖော်မှုတွေအနက် နိုင်ငံရေးမှာအားလုံးပါဝင်တဲ့ နိုင်ငံရေးလမ်းကြောင်းက သွေဖည်လာပြီး တစ်ပါတီတည်း အလုံးစုံလက်ဝါးကြီးအုပ်ရေးလမ်းစဉ်ကို ကူးပြောင်းလာခဲ့ပါတယ်။ အဲဒီရဲ့အကျိုးဆက်ကတော့ အသွင်ကူးပြောင်းရေးကို ထိခိုက်စေခဲ့တာပါ။ ၂၀၂၁ ဖေဖော်ဝါရီလဖြစ်စဉ်ဟာ ၂၀၂၀ ရွေးကောက်ပွဲဖြစ်စဉ် တစ်ခုတည်းအပေါ် အခြေခံခဲ့တာလို့ မမြင်ပါဘူး။ အခြေခံအကြောင်း တရားများစွာအနက်က အကြောင်းတရားတစ်ခုသာ ဖြစ်ပါတယ်။ ဒီအခြေခံအကြောင်းတွေဟာ ၂၀၁၅ အထွေထွေရွေးကောက်ပွဲပြီးလို့ အောင်မြင်စွာအာဏာ လွှဲပြီးနောက်ပိုင်းကတည်းက စတင်ခဲ့တာပါ။

အနိုင်ရပါတီ အာဏာရရှိပြီးတာနဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်ခွဲဝေတာကအစ တိုင်းရင်းသားဒေသတွေမှာ တိုင်းရင်းသားတွေကိုနေရာမပေးဘဲ တစ်ပါတီတည်းက ကြီးစိုးလာခဲ့ပါတယ်။ အစိုးရအင်စတီ ကျူးရှင်းတွေကို ပါတီလက်အောက်ခံဖြစ်ဖို့ ကြိုးပမ်းခဲ့ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာလည်း အာဏာရပါတီလွှမ်းမိုးမှုတွေကြောင့် အမျိုးသားရင်ကြားစေ့ရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတွေ ရပ်တန့်ခဲ့ရတာ ၂၁ ရာစု ပင်လုံအစည်းအဝေးတွေက သက်သေတွေပဲ ဖြစ်ပါတယ်။

၂၀၁၅-၂၀၂၀ ကာလအတွင်း နိုင်ငံ့အသွင်ကူးပြောင်းရေးမှာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်တည်ဆောက်ဖို့အတွက် အခြေခံတွေဖြစ်တဲ့ နိုင်ငံရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊

**ကိုယ်နဲ့ သဘောထားမတိုက်ဆိုင်သူမှန်သမျှကို ရန်သူသတ်မှတ်နေတာက ငါကိုဗဟိုပြုတဲ့ ငါမိုကရေစီတွေပဲ ဖြစ်ပါလိမ့်မယ်။ အခုလို ကိုဗစ်- ၁၉ ကူးစက်မှုတွေ များပြားနေချိန်မှာတောင် ပြည်သူတွေရဲ့ အသက်တွေကို မငဲ့ကွက်ဘဲ လူစုလူဝေးနဲ့ ဆန္ဒပြခိုင်းနေတာတွေ၊ အကြမ်းဖက်ခိုင်းနေတာတွေဟာ အငှားဗိုက်နဲ့ ဓားထိုးခံနေကြတာပါ။ ၂၀၂၀ ရွေးကောက်ပွဲမှာလည်း ကိုဗစ်-၁၉ ကူးစက်မှုမြင့်မားနေတဲ့ကြားမှာ လူထုရဲ့ကျန်းမာရေးထက် ပါတီအောင်နိုင်ရေးကို အုန်းအုန်းကျွက်ကျွက် လုပ်ဆောင်ခဲ့တာ ပူပူနွေးနွေးပဲ ရှိပါသေးတယ်။ ဒီတော့ ကိုယ်ကိုယ်တိုင်အာဏာရတုန်းကရော ပြည်သူတွေအပေါ် ဘယ်လောက် လှည့်ကြည့်ခဲ့ကြသလဲ ချိန်ထိုးစဉ်းစားကြရမှာပါ**

အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးတွေမှာ အားအနည်းဆုံးအဖြစ် တွေ့ရမှာဖြစ်ပါတယ်။ အထူးသဖြင့် ခိုင်မာတဲ့ဒီမိုကရေစီနိုင်ငံရေးစနစ်ဖြစ်ဖို့ ဒေါက်တိုင်တွေဖြစ်တဲ့ အင်စတီကျူးရှင်းတွေ ခိုင်မာအောင် တည်ဆောက်ခြင်းထက် တစ်ပါတီတည်းက အာဏာထိန်းချုပ်ရေးဆီကို ဦးတည်ခဲ့ပါတယ်။ ဒါကြောင့်လည်း အင်စတီကျူးရှင်းတွေအကြား၊ တိုင်းရင်းသားတွေအကြား၊ နိုင်ငံရေးပါတီတွေအကြား၊ ငြိမ်းချမ်းရေးမှာပါဝင်တဲ့ အဖွဲ့အစည်းအသီးသီးတွေအကြား ယုံကြည်မှုနဲ့ ရင်ကြားစေ့မှုတွေ ပျောက်ဆုံးသွားခဲ့ကြတာဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို လမ်းချော်စေတဲ့ အခြေခံအကြောင်းတရားတွေပဲဖြစ်ပါတယ်။

**အကြမ်းဖက်လုပ်ရပ်များရဲ့ နောက်ကွယ်က ရည်ရွယ်ချက်**

အာဃာတနိုင်ငံရေးတွေ၊ ကိုယ်ကျိုးအတ္တသမားတွေကြောင့် လွတ်လပ်ရေးဖခင်ကြီး ဆုံးရှုံးခဲ့ရတာကို ဒီကနေ့ သင်ခန်းစာယူဖို့ အချိန်တန်ပါပြီ။ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့ရလို့ မြန်မာ့နိုင်ငံရေးမှာလည်း အကျိုးဆက်တွေအများကြီးခံစားခဲ့ရပါတယ်။ ဒီကနေ့မှာလည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးလမ်းကြောင်းပေါ် ရှိနေဆဲပါ။ ဒါပေမယ့် ဒီမိုကရေစီနဲ့ ဖက်ဒရယ်တည်ဆောက်ဖို့ဆိုရင် ဒီမိုကရေစီနဲ့ ဖက်ဒရယ်လိုလားတဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်းမှာဖြစ်စေ၊ အဖွဲ့အစည်းတွေမှာဖြစ်စေ ရေခံမြေခံကောင်းတွေရှိဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီလိုလားတယ်ဆိုပြီး တစ်ပါတီအာဏာရှင်စနစ်တည်ဆောက်တာ၊ အကြမ်းဖက်လမ်းစဉ်ကို ကိုင်စွဲထားတာတွေဟာ အပြောနဲ့အလုပ်၊ ရည်မှန်းချက်နဲ့ အကောင်အထည်ဖော်မှုကို ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်စေပါတယ်။

ဒီနေ့ဆိုရင် ဒီမိုကရေစီအတွက်ဆိုပြီး အကြမ်းဖက်မှုတွေကို လုပ်ဆောင်နေကြပါတယ်။ လူငယ်တွေကို သွေးထိုးမြှောက်ပင့်ပေးပြီး အကြမ်းဖက်ဝါဒတွေ သွတ်သွင်းနေတာ တွေ့ရပါတယ်။ အကြမ်းဖက်လုပ်ငန်းတွေလုပ်ဖို့ သင်တန်းတွေဖွင့်ပေးနေပြီး ပြည်သူအချင်းချင်း သတ်ဖြတ်နေတာတွေဟာ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေတာ၊ နိုင်ငံအတွက် တော်လှန်နေတာ မဟုတ်ပါဘူး။ ဒီမိုကရေစီအတွက်ဆိုပြီး ဘယ်နိုင်ငံမှာများ ကျောင်းတွေကို မီးရှို့၊ ကျောင်းသား ကျောင်းသူတွေကို ကျောင်းမတက်ခိုင်း၊ ဆရာ ဆရာမတွေကို သတ်ဖြတ်တာရှိပါသလဲ။

ကိုယ်နဲ့ သဘောထားမတိုက်ဆိုင်သူမှန်သမျှကို ရန်သူသတ်မှတ်နေတာက ငါကိုဗဟိုပြုတဲ့ ငါမိုကရေစီတွေပဲ ဖြစ်ပါလိမ့်မယ်။ အခုလို ကိုဗစ်-၁၉ ကူးစက်မှုတွေ များပြားနေချိန်မှာတောင် ပြည်သူတွေရဲ့အသက်တွေကို မငဲ့ကွက်ဘဲ လူစုလူဝေးနဲ့ ဆန္ဒပြခိုင်းနေတာတွေ၊ အကြမ်းဖက်ခိုင်းနေတာတွေဟာ အငှားဗိုက်နဲ့ ဓားထိုးခံနေကြတာပါ။ ၂၀၂၀ ရွေးကောက်ပွဲမှာလည်း ကိုဗစ်-၁၉ ကူးစက်မှုမြင့်မားနေတဲ့ကြားမှာ လူထုရဲ့ကျန်းမာရေးထက် ပါတီအောင်နိုင်ရေးကို အုန်းအုန်းကျွက်ကျွက် လုပ်ဆောင်ခဲ့တာ ပူပူနွေးနွေးပဲရှိပါသေးတယ်။ ဒီတော့ ကိုယ်ကိုယ်တိုင် အာဏာရတုန်း ကရော ပြည်သူတွေအပေါ် ဘယ်လောက် လှည့်ကြည့်ခဲ့ကြသလဲ ချိန်ထိုးစဉ်းစားကြရမှာပါ။

ဒီတော့ လူထုအကျိုးစီးပွားနဲ့ နိုင်ငံအကျိုးစီးပွားကို ပျက်စီးစေတဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ဦးဆောင်နေသူတွေ၊ ထောက်ပံ့ပေးနေသူအသီးသီးရဲ့နောက်ကွယ်က ရည်ရွယ်ချက်ကို မြင်အောင်ကြည့်ကြဖို့လိုပါပြီ။ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရသလို အခုလည်း ခေတ်သစ်ကိုလိုနီ ဝါဒီတွေရဲ့နောက်ကွယ်က ကြိုးကိုင်တဲ့အတိုင်း အကောင်အထည်ဖော်နေကြတာတွေဟာ သူတို့ အာဏာရဖို့၊ ငွေကြေးရဖို့ အာဃာတနိုင်ငံရေးနဲ့ ပြည်သူတွေအချင်းချင်း အကြမ်းဖက်သတ်ဖြတ်ခိုင်းနေကြတာပဲ ဖြစ်ပါတယ်။

ဒီတော့ စဉ်းစားစရာရှိပါတယ်။ ၂၀၁၅-၂၀၂၀ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ရောက်နေတုန်းက၊ ကိုယ်ကိုယ်တိုင် အာဏာရနေစဉ်တုန်းက ဒီမိုကရေစီလမ်းခရီး ပိုမိုဖြောင့်ဖြူးဖို့၊ ခိုင်မာဖို့၊ ဖက်ဒရယ်တည်ဆောက်ဖို့၊ တိုင်းရင်းသားစည်းလုံးညီညွတ်ဖို့၊ အမျိုးသားရင်ကြားစေ့ဖို့ လုပ်နိုင်ပါလျက်နဲ့ မလုပ်ခဲ့ပါဘဲ အခုလိုအာဏာလက်မဲ့တဲ့အချိန်မှ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြောပြီး အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဆောင်နေတာတွေဟာ လူထုကို လှည့်ဖြားပြီး အာဏာပြန်လည်ရရှိရေးကြိုးစားနေခြင်းပဲ ဖြစ်ပါတယ်။

**ဒုတိယမွဲလုပ်ကြံမခံရဖို့**

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကတော့ နယ်ချဲ့လက်ပါးစေတွေရဲ့ လက်ချက်နဲ့ ကျဆုံးခဲ့တာ နှစ်ပေါင်း ၇၀ ကျော်ခဲ့ပါပြီ။ မိအေးတစ်ခါနာခဲ့ရပြီးပါပြီ။ အခုတစ်ခါ ခေတ်သစ်ကိုလိုနီလက်ပါးစေတွေက မြန်မာနိုင်ငံကို ဒုတိယမွဲလုပ်ကြံဖို့ ကြိုးစားနေကြပါတယ်။ အာဏာရှိစဉ်တုန်းကတောင် ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကို ဂရုမစိုက်ခဲ့ဘဲ မိမိအာဏာခိုင်မြဲရေးတည်ဆောက်ခဲ့သူတွေက အခုလိုကာလမှာ ဒီမိုကရေစီတွေ၊ ဖက်ဒရယ်တွေ၊ တိုင်းရင်းသားအရေးတွေ၊ ပြည်သူ့အရေးတွေ ပြောဆိုနေတာတွေဟာ ရှေ့နောက်ကြောင်းကျိုးမညီသလို ယုတ္တိလည်းမတန်ပါဘူး။ ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံရတဲ့သမိုင်းဖြစ်စဉ်လို ဒီနေ့အာဃာတနဲ့ အတ္တနိုင်ငံရေးသမားတွေ လက်ချက်နဲ့ မြန်မာနိုင်ငံနဲ့ ပြည်သူတွေ လုပ်ကြံမခံရရေးသင်ခန်းစာယူကြဖို့ အချိန်တန်ပါပြီ။ ။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | သုမေ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၅၅၆. ၉၂ | ၆ လုံး | ၆ လုံး | - |
| ၂။ | သုမေ္မာဇရပ်(မီး(၁)လုံး) | ၄၁ | ၆ လုံး | ၆ လုံး | - |
| ၃။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၈၃. ၉၀ | ၁ လုံး | ၁ လုံး | - |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၂၃. ၂၀ | ၁ လုံး | ၁ လုံး | - |
| ၅။ | ဂေါပကရုံး(မီး/ရေ (၁)လုံး) | ၁၁၀ | ၁ လုံး | ၁ လုံး | - |
| ၆။ | အဝင်မုခ်ဦး(၁၀၀×၄၀×၇)ပေ | ၈၂၀ | ၁ ခု | ၁ ခု | - |
| ၇။ | အဝင်မုခ်ဦးငယ်(၇၅×၄၀×၅)ပေ | ၆၇၆ | ၃ ခု | ၃ ခု | - |
| ၈။ | အရှေ့၊ အနောက်နှင့်တောင်ဘက်မုခ်လှေကား (စကျင်မြန်မာမှုပါ) | ၄၉၀ | ၃ စင်း | ၃ စင်း | - |
| ၉။ | မြောက်ဘက်မုခ်လှေကား(စကျင်မြန်မာမှုပါ) (၆၀ ပေ × ၄၀ ပေ) | ၁၉၁၄ | ၁ စင်း | ၁ စင်း | - |
| ၁၀။ | တံခွန်တိုင်လုံးပတ် (၃)ပေ၊ အမြင့်(၄၅)ပေ | ၄၁၉. ၀၈ | ၁ တိုင် | ၁ တိုင် | - |
| ၁၁။ | ခေါင်းလောင်းထိပ်ဝ(၅ ပေ× ၇ ပေ) | ၉၀ | ၁ လုံး | ၁ လုံး | - |
| ၁၂။ | ဂန္ဓကုဋီတိုက်(၅၄×၂၇×၁၈)ပေ (အဆောက်အဦ ဇာတ်နိပါတ်တော်စကျင်ကျောက်ထွင်းပန်းချီ၊ ဆိုလာ) | ၁၅၉၈ | ၂၄ လုံး | ၂၀ လုံး | ၄ လုံး |
| ၁၃။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၈ ခန်း | ၄၄၇ ခန်း |
| ၁၄။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၇ တိုင် | ၄၃ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၁၆ ခု | ၆၃၆ ခု |
| ၁၆။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၁ တိုင် | ၁၆၉ တိုင် |
| ၁၇။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၉ တိုင် | ၈၁ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၈။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး |
| ၁၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၂၀။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) (၁ ခု) | ၄၃၂၁ | |
| | (က) ရေပန်းအကြီးတည်ဆောက်ခြင်း | ၇၄၀ | ၁ ခု |
| | (ခ) စကျင်ဆင်ရုပ်(အမြင့် ၅ ပေ)(၁ ရုပ်လျှင် ၁၉၈ သိန်း) | ၁၇၈၂ | ၉ ရုပ် |
| | (ဂ) စကျင်မြန်မာမှုလုပ်ငန်း | ၁၀၉၉ | ၁ ခု |
| | (ဃ) ရေပန်းနှင့်မော်တာပန့်များတပ်ဆင်ခြင်းလုပ်ငန်း | ၇၀၀ | ၁ ခု |
| ၂၁။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) (၁၈ ခု ၁ ခုလျှင်) | ၈၀၅ | |
| | (က) ရေပန်းအသေးတည်ဆောက်ခြင်း | ၂၇၉ | ၁ ခု |
| | (ခ) စကျင်မြန်မာမှုလုပ်ငန်း | ၂၂၆ | ၁ ခု |
| | (ဂ) ရေပန်းနှင့်မော်တာပန့်များတပ်ဆင်ခြင်းလုပ်ငန်း | ၃၀၀ | ၁ ခု |
| ၂၂။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၂၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၂၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈. ၁၄ ခု |
| ၂၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၂၆။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |

